အပွမာဒေါ စ ဓမ္မေသု ဧတံ မင်္ဂလ မုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၄)


ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ တံတားငယ်များမပါဘဲ ပေ ၅၀၀ နှင့်အထက် တံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ တနင်္သာရီတံတား၊ ပသောင်းတံတားနှင့် ယခုလေညှာ–မဏ္ဍိုင်တံတား စုစုပေါင်း တံတားကြီးခြောက်စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ တည်ဆောက်ပြီး တံတားခြောက်စင်းအနက် ပေ ၈၁၀ ရှိသည့် ပသောင်းတံတားကို တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က ဝင်ရောက်ကူညီတည်ဆောက်ပေးခဲ့သည်။

# ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတည်ဆောက်ရာတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်အလေးထား
# ပြည်ထောင်စုတစ်ရပ်လုံးကွက်လပ်မကျန်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများတစ်ပြိုင်တည်းဖော်ဆောင်ပေးနေ
# ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းပြည်ထောင်စုလမ်းမကြီးဖောက်လုပ်၍တံတားများတည်ဆောက်ပေးခဲ့
# ဖိအားပေးအကျပ်ကိုင်မှုများရှိနေသော်ငြား နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော်ဦးထမ်းပဲ့ထမ်းဆက်လက်ကြိုးပမ်းမည်

ရန်ကုန် အောက်တိုဘာ ၂၃

**တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် လေညှာ–မဏ္ဍိုင်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။**

လေညှာ–မဏ္ဍိုင်တံတားဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ *စာမျက်နှာ ၉ ကော်လံ ၁* ✡



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေညှာ-မဏ္ဍိုင်တံတား ဖွင့်ပွဲတွင် တက်ရောက်လာသော ဒေသခံပြည်သူများအား နှုတ်ဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)



## လေညှာ–မဏ္ဍိုင်တံတားဖွင့်လှစ်



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

# မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

## နိုင်ငံအတွင်းကျောက်မျက်ဈေးကွက် တိုးတက်ဖြစ်ထွန်းရေးကြိုးပမ်း ကျောက်မျက်ရတနာမှအမျိုးသားဝင်ငွေတိုးတက်ရရှိရေးဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက် အဖိုးတန်သယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။အဆိုပါအဖိုးတန်သယံဇာတများအနက် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပတ္တမြားရတနာများသည် ကမ္ဘာ့ဈေးကွက်တွင် အဝယ်လိုက်၍ ရောင်းအားကောင်းလျက်ရှိနေသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိစေရန်နှင့် ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းပြီး နှစ်စဉ် မတ်လနှင့်အောက်တိုဘာလများတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပ၍ ကျောက်မျက်ရတနာများကို ရောင်းချလျက်ရှိသည်။

၂၀၀၃ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို အောက်တိုဘာ ၁၇ရက်မှ စတင်၍ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရောင်းချခဲ့ရာ အောက်တိုဘာ ၂၂ ရက်တွင် အောင်မြင်စွာ ပြီးစီးသွားသည်။

အောက်တိုဘာ ၁၇ရက်မှ၁၉ရက်အထိ ယူရိုတန်ဖိုးငွေ ၆၈၂၇၁၁၀ တန်ဖိုးရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၃၄၈တွဲကိုလည်းကောင်း၊ အောက်တိုဘာ၂၀ရက်မှ ၂၁ရက်အထိ ယူရိုတန်ဖိုးငွေ ၈၂၁၈၄၃၅ တန်ဖိုးရှိသည့် ကျောက်မျက်အတွဲပေါင်း ၄၄တွဲကို လည်းကောင်း၊ အောက်တိုဘာ ၂၂ရက်တွင် ယူရိုတန်ဖိုးငွေ ၁၄၅၃၄၉ တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၄၄တွဲကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြရာ ယူရိုတန်ဖိုးငွေ ၁၅၁၉၀၈၉၄ တန်ဖိုးရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲ စုစုပေါင်း ၄၃၆တွဲကို ရောင်းချခဲ့ရသည်။ ထို့ပြင် ပုံသေဈေးနှုန်းဖြင့်ရောင်းချသော ယူရိုတန်ဖိုးငွေ ၃၀၃၆၁ တန်ဖိုးရှိသည့် ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ လက်ဝတ်ရတနာများ၊ ကျောက်စိမ်း၊ ကျောက်မျက်အပါအဝင် ရောင်းချရငွေပေါင်းမှာ ယူရိုတန်ဖိုးငွေ ၁၅၂၂၁၂၅၅ ဖြစ်သည်။

နှစ်လယ်ကျောက်မျက်ရတနာပြပွဲကို ပြည်ပနိုင်ငံပေါင်း ကိုးနိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၇၆ ခုတို့မှ ရတနာကုန်သည် ၄၅၇ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၄၆ ခုမှ နိုင်ငံသားရတနာကုန်သည် ၃၈၁ ဦး စုစုပေါင်း ရတနာကုန်သည် ၈၃၈ဦး တက်ရောက်ပြီး ကျောက်မျက်ရတနာများကို ယှဉ်ပြိုင်ဝယ်ယူခဲ့ကြသည်။

ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များက ရောင်းချလိုသည့် ကျောက်မျက်ရတနာအရိုင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် သီးခြားဖွင့်လှစ်ထားရှိသည့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဌာန (Gems Trading Center)တွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အကောက်ခွန်ဦးစီးဌာနတို့အပြင် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းစေရေး၊ ကျောက်မျက်ရတနာကဏ္ဍမှ အမျိုးသားဝင်ငွေ တိုးတက်ရရှိနိုင်ရေးတို့အတွက် နိုင်ငံတော်၏အားပေးပံ့ပိုးမှုနှင့်အတူ တိုင်းရင်းသားရတနာလုပ်ငန်းရှင်များက ဆက်လက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



## စိစစ်ရေးကတ်ပြားပေးအပ်

**အောက်တိုဘာ ၂၂ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှိုင်ဌွေးက (ဈ)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။**

(က-ပ)

**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူကျောင်းသားများအတွက် ပထဝီဝင်ဘာသာရပ်မှသိသင့်သိထိုက်သော ဓမ္မဓိဌာန်၊ မှတ်စုတို၊ မေးခွန်းရှည်နှင့် လက်တွေ့ ပထဝီဝင်မှ စကေး၊ ကွန်တိုမြေပုံ ဖြေဆိုနည်းများ ပြည့်စုံလုံလောက်စွာ ဖော်ပြထားပြီး ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန ဖုန်း-၅၃၆၉၄၃က ဖြန့်ချိသည့် ပထဝီဝင်ဂျာနယ်မျက်နှာဖုံး။** (က-ပ)



## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဖွံ့ဖြိုးသာယာပြည်မြန်မာ ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

**၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေစောင့်ထိန်းလေ"ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။**

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၁၀ လက်မ X ၁၂လက်မ)နှင့်အထက် အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်း ပိုမိုရရှိလာမည် ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာအချက်အလက်များ (Data) နှင့်ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများ ပါရှိလျှင် ယင်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာထားသည်။ ရောင်စုံ ဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့်တတိယဆုများအပြင်အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ၂၀၀၄ခုနှစ် မတ် ၂၇ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည် ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မြန်မာ-အိန္ဒိယ ဒုတိယ ဝန်ကြီးအတွင်းဝန်များ အစည်းအဝေး တက်ရောက်ရန် အတွက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့်အဖွဲ့ အောက်တိုဘာ ၂၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နယူးဒေလီသို့ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။**

(သတင်းစဉ်)

## ကွန်ပျူတာသင်တန်းများဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

AIT Training Centre ၌ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို အခြေခံမှစ၍ Professional ဖြစ်သည့်အဆင့်ထိ သင်ကြားပေးနေပြီး Programming Courses နှင့် မြို့ပြအင်ဂျင်နီယာများအတွက် Auto CADသင်တန်းများကိုပါ ထပ်မံဖွင့်လှစ်လျက်ရှိသည်။ ကွန်ပျူတာ အပိုစက်သုံးချိန်များ စီစဉ်ထားပြီး Self-Studyလုပ်နိုင်ရန် English Leaning CDsများ ထားရှိစီစဉ်ပေးထားသည်။

အသေးစိတ်သိရှိလိုပါက B(302)၊ တတိယထပ်၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း- ၅၃၇၂၄၂၊ ၀၉-၉၉၂၂၈၁၈သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## စာမူများတောင်းခံခြင်း

**ပခုက္ကူ အောက်တိုဘာ ၂၃**

ပခုက္ကူမြို့ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး တည်ထောင်ခဲ့သည့် နှစ်တစ်ရာပြည့်သမိုင်းမှတ်တမ်းစာအုပ်ကြီး ထုတ်ဝေမည်ဖြစ်ရာ စာမူများ၊ ဆောင်းပါး၊ ကဗျာ၊ ဂါထာမန္တန်များကိုဒေါက်တာသက်လွင်သပြေညိုညွှန့်ဂေဟာနှင့် ဦးသိန်းဖေပြည့်စုံရောင်းဝယ်ရေး၊ အလယ်တိုက်ကြီး၊ ပခုက္ကူမြို့တို့ထံ ပေးပို့ကြပါရန် နှိုးဆော်ဖိတ်ခေါ်ထားသည်။**(က-ပ)**

## ဆန္ဒပြ

အောက်တိုဘာ ၂၁ရက်က ဘဂ္ဂဒက်မြို့ရှိ ရေနံလုပ်ငန်း ဝန်ကြီးဌာန ဝင်းအပြင်ဘက်၌ အီရတ်ပြည်သူများက အမေရိကန်တပ်များအား ဆန့်ကျင်ရင်ဆိုင်၍ ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# စစ်ပြီးကာလ အီရတ်နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကင်းမဲ့ ပြည်သူများ မတည်ငြိမ်သည့်ပတ်ဝန်းကျင်၌ နေ့စဉ်လုပ်ရှားရုန်းကန်နေရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

**အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲကြီးပြီးဆုံးသွားပြီဟု ကြေညာခဲ့သော်လည်း အီရတ်နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုမရှိသေးခြင်းကြောင့် အီရတ်ပြည်သူများမှာ လုံခြုံရေး အခြေအနေအတွက် စိုးရိမ်ကြောင့်ကြနေရပြီး မသေချာမရေရာသေးသည့် နိုင်ငံအနာဂတ်အရေးနှင့် နေ့စဉ် ဖြစ်ပျက်နေသည့် ပတ်ဝန်းကျင်အနေအထား ပြောင်းလဲနေမှုများကြားတွင် နေသားတကျ အေးချမ်းစွာ မနေထိုင်ကြ ရကြောင်း သိရသည်။**

လုံခြုံမှုမရှိခြင်းနှင့် နိုင်ငံရေးအကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့နေကြရသည့်ကြားမှာပင် အီရတ် ပြည်သူများသည် မိမိတို့၏ လူနေမှုဘဝ အသက်ရှင်သန်ရပ်တည် နေထိုင်နိုင်ရေးအတွက် မတည်ငြိမ်သည့် ပတ်ဝန်းကျင်တွင် သွားလာလှုပ်ရှားနေကြရပြီး လုံခြုံရေးအခြေအနေ စိတ်မချရခြင်းကြောင့် ဆယ်ကျော်သက်ကလေးများကိုပင် မိဘများကိုယ်တိုင် ကျောင်းပို့ကျောင်းကြိုပေးနေရသည်။ စစ်ပွဲနောက်ပိုင်း ဆင်းရဲမှုနှင့် ပိုမိုကြုံတွေ့နေရသည့် ကလေးငယ်အများစုသည် စာသင်ကျောင်းတက်ရမည့်အစား ရရာအလုပ်ကို လုပ်ကိုင်နေကြရကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့ပေါ်၌လည်း ပြည်သူများသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အခြေတကျ တည်ငြိမ်မှုမရှိသည့် ပတ်ဝန်းကျင်တွင် ရုန်းကန်လှုပ်ရှားနေကြရကြောင်း၊ အချို့နေရာများ၌လည်း လုံခြုံရေးအတွက် ကွန်ကရစ်တုံး အတားအဆီးများချထားကာ ပိတ်ဆို့ကာရန်ထားကြကြောင်း သိရသည်။

ထို့အပြင် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်များသည် ဝေဟင်မှ အချိန်ပြည့် ကင်းလှည့်စောင့်ကျပ်နေ ကြသကဲ့သို့ အမေရိကန် တပ်ဖွဲ့ဝင်များကလည်း လမ်းများပေါ်တွင် ကင်းလှည့်ကာ လုံခြုံရေးတင်းကျပ်ထားလျက် ရှိသည်။ ယင်းသို့ တင်းကျပ်နေသည့်ကြားကပင် လွန်ခဲ့သည့် သီတင်းပတ်များအတွင်းက ဘဂ္ဂဒက်မြို့တွင် အနည်းဆုံး ပေါက်ကွဲမှုလေးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(စီအင်န်အင်န်)**

# သက်ကြီးရွယ်ကြီးမဲဆန္ဒရှင်များ ဘုရှ်အပေါ်အယုံအကြည်နည်းပါး လွန်ခဲ့သည့်နွေဦးရာသီနောက်ပိုင်း ယုံကြည်မှုအနည်းဆုံးဖြစ်

ဝါရှင်တန် အောက်တိုဘာ ၂၀

**လွန်ခဲ့သည့်လအနည်းငယ်အတွင်းတွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အပေါ် အယုံအကြည်ရှိကြောင်း မဲပေးခဲ့သူ သက်ကြီးရွယ်ကြီးမဲဆန္ဒရှင်များ၏ ထောက်ခံမှုသည် သိသိသာသာကြီး ကျဆင်းသွားကြောင်း တနင်္ဂနွေနေ့ထုတ် နယူးယောက်တိုင်း သတင်းစာရှေ့မျက်နှာဖုံးတွင် အသားပေးဖော်ပြထားသည်။**

လွန်ခဲ့သည့်နွေရာသီကစပြီး ဂျော့ဒဗလျူဘုရှ်အပေါ် ယုံကြည်မှုအနည်းဆုံး အခြေအနေသို့ ရောက်လာကြောင်း၊ မကြာသေးမီက ပြုလုပ်သော သဘောထားကောက်ယူချက် စစ်တမ်းအရ သမ္မတဘုရှ်သည် (၆၅)နှစ်နှင့် အသက်ကြီးပိုင်း မဲဆန္ဒရှင်များကြားတွင် အယုံအကြည်အနည်းဆုံးဖြစ်လာပြီး လူငယ်မဲဆန္ဒရှင်အသစ်များကြားတွင် ပို၍ပင် အယုံအကြည်လျော့လာသည်ကို ပြသနေသည်။

သက်ကြီးပိုင်းမဲဆန္ဒရှင်များသည် အရေးကြီးကြောင်း၊ အဘယ်ကြောင့် ဆိုသော် သက်ကြီးပိုင်း မဲဆန္ဒရှင်များသည် လူငယ် မဲဆန္ဒရှင်များထက် မဲထည့်ရန် အာသီသပိုရှိနေကြသည်ကတစ်ကြောင်း၊ ထို့အပြင် သက်ကြီးပိုင်း မဲဆန္ဒရှင်များသည် နိုင်ငံတော်အပေါ် ပို၍စိတ်ဝင်စားမှုရှိနေကြသည်က တစ်ကြောင်း တို့ကြောင့်ဖြစ်ကြောင်း နိုင်ငံရေးသမားများက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အီရတ်စစ်ကြောင့် ကန်ဘတ်ဂျက်လိုငွေပြ ဒေါ်လာ ၃၇၄ ဒသမ ၂ ဘီလီယံစံချိန်တင်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်ပြည်ထောင်စု ဗဟိုအစိုးရဘတ်ဂျက်လိုငွေပြမှုသည် စက်တင်ဘာ ၃၀ ရက်၌ ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၄ ဒသမ ၂ဘီလီယံအထိရှိလာပြီး စံချိန်တင်လောက်အောင် များပြားခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုအစိုးရက တနင်္လာနေ့တွင် ကြေညာသည်။

ယင်းကဲ့သို့ လိုငွေအကြီးအကျယ်ပြရခြင်းအကြောင်းရင်းမှာ အီရတ်စစ်ပွဲအတွက် အသုံးစရိတ် တစ်နေ့တခြား များပြားလာခြင်းကြောင့်ဖြစ်ကြောင်း အိမ်တော်စီမံခန့်ခွဲရေးနှင့် ဘတ်ဂျက်ရေးရာရုံးမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ စီးပွားရေးလည်း ကျဆင်းသွားခဲ့ရသည်ဟု ဆိုသည်။

၂၀၀၃ ခုနှစ် ဘတ်ဂျက်အပြီးသတ်စာရင်းချုပ်အရ ၂၀၀၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အစိုးရလိုငွေပြမှုသည် ၂၀၀၂ ခုနှစ်ကထက် နှစ်ဆကျော်တိုးလာမည်ဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်လိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈ ဘီလီယံသာရှိခဲ့ကြောင်းဖြင့်လည်း အိမ်ဖြူတော်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာတန်ဖိုးနှင့် တွက်ချက်မည်ဆိုလျှင် ၁၉၉၂ ခုဘဏ္ဍာနှစ်က တင်ခဲ့သည့် လိုငွေစံချိန် အမေရိကန်ဒေါ်လာ ၂၉၀ ဒသမ ၄ ဘီလီယံထက် ယခု ၂၀၀၃ ခု ဘဏ္ဍာနှစ်စံချိန်က လွတ်လွတ်ကျွတ်ကျွတ်ကြီး ကျော်လွန်သွားပြီ ဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## အီရတ်၌ ကန်တို့ မှားယွင်း သတ်ဖြတ်မှုကြောင့် ပြင်းထန်သော တိုက်ခိုက်မှုများ ပိုကြုံလာနိုင်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ ရွာတစ်ရွာ၌ လူတစ်ဦးအား အမေရိကန်တပ်ဖွဲ့များက မှားယွင်းသတ်ဖြတ်ခဲ့ရာ ဒေသခံများ ဒေါသထွက်ခဲ့ကြပြီး အမေရိကန်များကို သတ်ဖြတ်လက်စားချေမည်ဖြစ်ကြောင်း ပြောကြားနေကြသည်။

၎င်းဒေသသည် ဆွန်နီအာရပ်များ အခြေချနေထိုင်ရာဒေသများဖြစ်ပြီး အမေရိကန်တို့၏ ကျူးကျော်မှုကိုလက်မခံဘဲ တိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်လေ့ရှိသည့်ဒေသလည်းဖြစ်သည်။ ယခင်က စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ၎င်းပုဂ္ဂိုလ်အား ဖက်ဒရင်းပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦးဟုစွပ်စွဲကာ အမေရိကန်တပ်ဖွဲ့များက အိမ်အတွင်းဝင်ရောက်စီးနင်းရှာဖွေစဉ် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏(၁၂)နှစ်အရွယ် သားငယ်မှာလည်း ဒဏ်ရာရရှိသွားကာ အမေရိကန်တို့က ခေါ်ဆောင်သွားသည်။

ယခုလို မှားယွင်းမှုများကြောင့် အမေရိကန်တို့သည် အနာဂတ်၌ ပြင်းထန်သောတိုက်ခိုက်မှုများနှင့် ပိုမိုကြုံတွေ့ရမည်ဖြစ်ကြောင်း အီရတ်တို့က ပြောကြားနေကြသည်။

**(စီအက်ဖ်အိုင်)**

# အီရတ်မှ ခေတ္တပြန်အနားယူသည့်အမေရိကန်တပ်ဖွဲ့ဝင် ၁၆ဦး တာဝန်ထမ်းဆောင်ရန်အတွက် သတင်းပို့ရန်ပျက်ကွက်နေ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အီရတ်နိုင်ငံမှ ခေတ္တအပန်းဖြေ အနားယူခွင့်ရရှိခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဒါဇင်ကျော်ခန့်တို့သည် အီရတ်ရှိ တာဝန်ကျရာဒေသသို့ ပြန်ဝင်မလာကြသေးကြောင်း အမေရိကန်စစ်ဌာနချုပ်က အင်္ဂါနေ့တွင် ကြေညာသည်။

အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၃၀၀၀အနက် ၁၆ဦးသည် အီရတ်နိုင်ငံသို့ ပြန်သွားမည့်လေယာဉ်နှင့်အတူ လိုက်ပါရန် လေဆိပ်သို့သတင်းမပို့ကြောင်း၊ ဘယ်လ်တီမိုးနှင့်ဂျာမနီရှိ လေဆိပ်များတွင် သတင်းပို့ရန် ပျက်ကွက်ခဲ့ကြကြောင်း အမေရိကန်စစ်တပ် ပြောခွင့်ရပုဂ္ဂိုလ် ဂျိုးဘာလက်စ်က ပြောသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ဘက်အရာရှိများက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ သတင်းပို့ရန် ပျက်ကွက်သူမည်သူ့ကိုမှ ခွင့်မဲ့ပျက်ကွက်အဖြစ် မသတ်မှတ်ကြောင်းဖြင့်လည်း ပြောကြားသည်။ အီရတ်နှင့် အီရတ်၏ အိမ်နီးချင်းနိုင်ငံများတွင် အချိန်ကြာမြင့်စွာ ဆင်းဆင်းရဲရဲ တာဝန်ထမ်းဆောင်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များအား အာရ်အင်အာရ်အစီအစဉ်အရ ရက်ရှည်ခေတ္တအနားယူအပန်းဖြေခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အချို့ကို ဘယ်လ်တီမိုးသို့လည်းကောင်း၊ အချို့ကို ဂျာမနီသို့လည်းကောင်း ခရီးစရိတ်အခမဲ့ သွားရောက်အပန်းဖြေခွင့်ပေးခဲ့ကြောင်း၊ ၎င်းတို့အားလုံး အီရတ်သို့ ပြန်သွားပြီး တာဝန်ကိုဆက်ထမ်းသင့်ကြောင်းဖြင့်လည်း ပြောကြားသည်။

**အင်တာနက်**

**အီရတ်ချုံခို တိုက်ခိုက်သူများက အမေရိကန်တပ်ဖွဲ့ဝင်များအား ဘဂ္ဂဒက်မြို့လယ်၌ ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ခဲ့သည်။ ဘဂ္ဂဒက်မြို့ အနောက်ဘက် ဆွန်နီအများစု နေထိုင်ရာဒေသ၌ တင်းမာမှုများ ဖြစ်ပေါ်လျက်ရှိပြီး သိမ်းပိုက်တပ်ဖွဲ့များအား တိုက်ခိုက်မှုအရှိန် မြင့်လာသည်။ ပုံမှာ အမေရိကန် တပ်ဖွဲ့ဝင်များက သံသယရှိသူ အီရတ်များကို လိုက်လံဖမ်းဆီး နေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)






အောက်တိုဘာ ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အမေရိကန်သံရုံးအပြင်ဘက်၌ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသည့် အင်ဒိုနီးရှား ပြည်သူများကို တွေ့ရစဉ်။

(ဆန့်ကျင်ဆန္ဒပြသူများက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ဗုဒ္ဓဟူးနေ့တွင် လာရောက်ပြီး အင်ဒိုနီးရှားသမ္မတ၊ ခေါင်းဆောင်များနှင့် ဆွေးနွေးမည်ကို ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်) (ဓာတ်ပုံ-အင်တာနက်)

## ဘုရှ်သည်လူလိမ်၊ဘုရှ်သည်နံပါတ်(၁)အကြမ်းဖက်သမား အင်ဒိုနီးရှားတွင် ဘုရှ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကျင်းပ

ဂျကာတာ အောက်တိုဘာ ၂၂

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့်ကိစ္စနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မြို့ကြီးပြကြီးများတွင် ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။**

ယင်းဆန္ဒပြသူများက အမေရိကန်သမ္မတဘုရှ်၏ ရုပ်ပုံကားချပ်နှင့် အမေရိကန်အလံတို့ကို မီးရှို့ဖျက်ဆီးလိုက်ကြကြောင်း ဂျကာတာမြို့တွင် အင်္ဂါနေ့က ထုတ်ပြန်သည့်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ဆန္ဒပြမှုများသည် ဂျကာတာ ယိုဂျာကတာ အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၊ ဘာလီပြည်နယ်၊ အရှေ့ဂျာဗားပြည်နယ် ဂျမ်ဘာမြို့နှင့် အလယ် ဂျာဗားပြည်နယ် ဆိုလိုမြို့နှင့် ဆီမာရန်မြို့များသို့ တမုဟုတ်ချင်းပျံ့နှံ့ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။

ဂျကာတာမြို့တွင် လူ ၁၀၀ ကျော်က ဘုရှ်၏ရုပ်ပုံကားချပ်ကို မီးရှို့ဖျက်ဆီးပြီး အမေရိကန်သံရုံးရှေ့မျက်နှာစာတွင် ဘုရှ်လာရောက်သည့်ခရီးကို ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ဖော် ကြွေးကြော်ကြသည်။

ဘုရှ် လာရောက်သည့်ခရီးကို ဆန့်ကျင်ကန့်ကွက်ရန် အင်ဒိုနီးရှားသမ္မတမယ်ဂါဝတီဆိုကာနိုပူထရီအားလည်းမေတ္တာရပ်ခံခဲ့ကြသည်။

**'ဘုရှ်သည်လူလိမ်၊ ဘုရှ်ကိုဆန့်ကျင်ကန့်ကွက်ကြ၊ ဘုရှ်သည်နံပါတ်(၁)အကြမ်းဖက်ဝါဒီ၊ သမ္မတမယ်ဂါဝတီအနေဖြင့် ဘုရှ်ခရီးကိုဆန့်ကျင်ကန့်ကွက်ပါ'** ဟူသော စာတန်းပါဆိုင်းဘုတ်များကိုလည်း ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်။

ယိုဂျာကတာတွင်လည်း စီတန်းချီတက်ဆန္ဒပြခဲ့ကြရာ **'ဘုရှ်အလိုမရှိ၊ ကျွန်ုပ်တို့တိုင်းပြည်ကို ဘုရှ်မဖျက်ဆီးပါနှင့်'** ဟူသော စာတန်းပါဆိုင်းဘုတ်ကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်။

ဘုရှ်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အောက်တိုဘာ ၂၂ ရက်တွင် လေးနာရီကြာလည်ပတ်ရန် စီစဉ်ထားကြောင်း၊ ထိုဘာလီကျွန်းခရီးစဉ်သည် ဘုရှ်၏အာရှပစိဖိတ်ခရီးစဉ်တွင် တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ ဘုရှ်၏အာရှပစိဖိတ်ခရီးစဉ်တွင် ဂျပန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့်ဩစတြေးလျတို့ ပါဝင်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ရှေ့လ၌ဗြိတိန်သို့ ဘုရှ်လာရောက်စဉ် ဆန္ဒပြမှုများဖြစ်မည်ကိုစိုးရိမ် ဘုရှ်အတွက်လုပ်မည့် အခမ်းအနားအစီအစဉ် ဗြိတိသျှအစိုးရ ပယ်ဖျက်

လန်ဒန် အောက်တိုဘာ ၂၁

**ရှေ့လထဲ၌ ဗြိတိန်နိုင်ငံသို့ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် လာရောက်လည်ပတ်စဉ် ဘုရှ်အတွက် အောင်ပွဲခံအခမ်းအနားလုပ်မည့် အစီအစဉ်ကို အီရတ်စစ်ပွဲအားဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်သည့်အတွက် ဗြိတိသျှအစိုးရက ပယ်ဖျက်လိုက်သည်ဟု ဆန်းဒေးတယ်လီကရပ်ဖ်က တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။**

ယင်းသို့ အစီအစဉ်ဖျက်သိမ်းသည့် ဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ်ရုံးသည် ဘာကင်ဟမ်နန်းတော်၊ အိမ်ဖြူတော်နှင့် စကော့တလန်ယာဒ်တို့နှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ရုံးသည် အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ကို စိုးရိမ်သဖြင့် ထိုအစီအစဉ်ကို ဖျက်သိမ်းရန် ယခုအခါ ဆုံးဖြတ်ခဲ့ကြောင်း အမည်မဖော်သူ အရာရှိတစ်ဦးက ပြောဆိုသည်။

သတင်းစာ၏ ဖော်ပြချက်အရ လမ်းကြောင်း၌တန်းစီဆန္ဒ ပြမည့်သူများကိုရှောင်ရန် ဘုရှ်သည် ရဟတ်ယာဉ်ဖြင့် လာမည်ဖြစ်ပြီး ဗြိတိသျှအမတ်အချို့ သပိတ်မှောက်မည်ကိုစိုး၍ ဗြိတိသျှပါလီမန်၌လည်း မိန့်ခွန်းပြောမည်မဟုတ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ




**အောက်တိုဘာ ၁၉ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်တိုက်ဂါးဖို့စ်၏ရက်စက်မှုများ တနင်္ဂနွေနေ့ထုတ် ဘလိဒ်သတင်းစာ၌ ရေးသားဖော်ပြထား

**တိုလီဒို(အိုဟိုင်ယို)အောက်တိုဘာ ၂၁**

လက်နက်မဲ့ အရပ်သား အများအပြားကို သတ်ဖြတ်မှုများ အပါအဝင် ဗီယက်နမ်စစ်ပွဲကာလအတွင်း တိုက်ဂါးဖို့စ်ဟု ထင်ရှားသော အမေရိကန်စစ်တပ်သည် စစ်ရာဇဝတ်မှု အများအပြားကို ကျူးလွန်ခဲ့ကြောင်း၊ သို့ရာတွင် စုံစမ်းစစ်ဆေးမှုကို တစ်စုံတစ်ရာ အပြစ်ပေး အရေးယူခြင်းမရှိဘဲ ပိတ်ပစ်ခဲ့ကြောင်း ဘလိဒ်သတင်းစာက တနင်္ဂနွေနေ့၌ ရေးသားဖော်ပြလိုက်သည်။

လေးနှစ်ခွဲကြာမျှ အမေရိကန်စစ်တပ်က စုံစမ်း စစ်ဆေးခဲ့ရာတွင် တပ်ဖွဲ့ဝင် ၁၈ ဦးသည် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြသည်ကို တွေ့ရှိခဲ့ကြောင်း၊ သို့ရာတွင် စစ်တပ်ကတရားစွဲဆိုခြင်းမရှိဘဲ ရာဇဝတ်မှုကျူးလွန်ကြောင်း မသင်္ကာမှုဖြင့် ထိုတပ်ဖွဲ့ဝင်များကို ရာထူးမှသာ နုတ်ထွက်စေခဲ့ကြောင်း ဘလိဒ်သတင်းစာကရေးသားဖော်ပြသည်။

စွပ်စွဲချက်များတွင် အမျိုးသမီးများနှင့် ကလေးငယ်များကို သတ်ဖြတ်မှုများ၊ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုများ၊ နားရွက်များကို ဖြတ်ခြင်းနှင့် အမှတ်တရ ပစ္စည်းအတွက် ဦးရေခွံကို လှီးခွာယူခြင်းများ ပါဝင်ကြောင်း သိရသည်။

ယခုဖော်ပြပါ အကြောင်းအရာများကို တိုက်ဂါးဖို့စ် တပ်ဖွဲ့ဝင် ၁၀၀ကျော် နှင့် ဗီယက်နမ်အရပ်သားများကို တွေ့ဆုံမေးမြန်းမှုများအပြင် ထောင်ပေါင်းများစွာသော အစိုးရစာရွက်စာတမ်းများအပေါ် အခြေခံထားကြောင်း ဘလိဒ် သတင်းစာက ရေးသား ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ်ကိုစစ်ဆင်နွှဲမှု ဂျပန်နိုင်ငံသားအများစုမကျေနပ်

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်နိုင်ငံသားအများစုသည် အမေရိကန်သမ္မတဘုရှ်၏ အီရတ်နိုင်ငံအပေါ် စစ်ဆင်နွှဲမှုနှင့် ယခုထက်တိုင် အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ဆက်လက်တပ်စွဲထားခြင်းကို မကျေမနပ်ဖြစ်ကာ ဝန်ကြီးချုပ် ကိုအိဇုမိက အမေရိကန်တို့အား ထောက်ခံမှုကိုလည်း ကန့်ကွက်လျက်ရှိသည်။ အမေရိကန်သမ္မတဘုရှ်သည် အာရှခရီးစဉ်အတွင်း ဂျပန်နိုင်ငံ၌ တစ်ထောက် ရပ်နားစဉ် ဂျပန်ပြည်သူများက ဘုရှ်ဆန့်ကျင်သည့် စာတန်းများ ကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိသည် အီရတ်သို့ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များစေလွှတ်ရန် စီစဉ်ခဲ့ရာ ဂျပန်ပြည်သူများက မကျေမနပ်ဖြစ်လျက်ရှိကာ ပြည်သူ့စစ်တမ်းထောက်ခံမှုအရ ဂျပန်လူထုအများစုက အီရတ်စစ်ပွဲကို မထောက်ခံကြောင်း ဖော်ပြခဲ့ကြသည်။ အမေရိကန်အစိုးရထိပ်တန်းအရာရှိများက ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ်တွင် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များ စေလွှတ်မည့်အချိန်နှင့် နေရာကို ဆွေးနွေးခြင်းမပြုကြောင်းနှင့် အငြင်းပွားမှုများရှိနေဆဲဖြစ်ကြောင်းသိရသည်။ **(စီအင်န်အင်န်)**

## ဗန်ကောက်၌ဘုရှ်နှင့်သက်ဆင်ဆွေးနွေးချိန် ကန့်ကွက်ဆန္ဒပြမှုဖြစ်ပွား ပန်းချီဆရာတစ်ဦးက ဘုရှ်အားအာရှတိုက်မှထွက်သွားရန်မောင်းထုတ်

**ဗန်ကောက် အောက်တိုဘာ ၂၁**

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် တနင်္ဂနွေနေ့က ဆွေးနွေးချိန်တွင် ဗန်ကောက်မြို့၏ လမ်းများပေါ်၌ ထိုင်းပြည်သူများသည် အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများကိုဟစ်အော်ကြပြီး အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် နဖူးစည်းစာတန်းများကို ဝှေ့ယမ်းကာ ဆန့်ကျင်ဆန္ဒ ပြခဲ့ကြသည်။

ဘုရှ်တည်းခိုရာဟိုတယ်မှ တစ်မိုင်ခန့်တွင်ရှိသော ဗန်ကောက်မြို့၏ ဗဟိုဈေးနေရာသို့ ချူလာလွန်ကွန်တက္ကသိုလ်မှ ထွက်လာပြီး ချီတက်ဆန္ဒပြသူများကို ရဲများက ပိတ်ဆို့ ဟန့်တားခြင်းမပြုခဲ့ဟု သိရသည်။

ဆန္ဒပြသူတစ်ဦးဖြစ်သော ဗာဆန်ဆီသိကက်ဆိုသူ ပန်းချီဆရာတစ်ဦးက **'ဘုရှ် အာရှတိုက်မှထွက်သွား'** ဟု ပြောဆိုခဲ့ပြီး အခြားနဖူးစည်းစာတန်းများတွင် **'အမေရိကမိစ္ဆာဝင်ရိုးတန်း'** ဟူ၍လည်းကောင်း၊ **'ဂျော့ဒဗလျူဘုရှ်ကို အသေရရ အရှင်ရရ အလိုရှိသည်'** ဟူ၍လည်းကောင်း ရေးသား ဆန္ဒပြခဲ့ကြသည်။

ဘုရှ်ထိုင်းနိုင်ငံသို့လာရောက်ပြီးထိပ်သီးအစည်းအဝေးကို တက်ရောက်သည့်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်တွင် လုံခြုံရေးအစီအမံများ တင်းကြပ်စွာဆောင်ရွက်ထားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# အီရတ်နိုင်ငံ အခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိ အမေရိကန်တပ်များရုပ်သိမ်းရန် လိုလားသူတိုးပွားနေ

ဝါရှင်တန် အောက်တိုဘာ ၂၂

**အီရတ်နိုင်ငံမှ ရရှိသောသတင်းများအရ အီရတ်နိုင်ငံ၏ အခြေအနေသည် ယခုလက်ရှိအနေအထားထက် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း သိရှိကြရသဖြင့် အမေရိကန်တို့ အီရတ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပို၍ပို၍ ကြီးထွားလာလိမ့်မည်ဖြစ်ကြောင်း သဘောထားစစ်တမ်းတစ်ခုက ထောက်ပြထားသည်။**

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အား အမေရိကန်အများအပြားက လက်ခံထားကြသည့်တိုင်အောင် ယင်းကဲ့သို့ စိုးရိမ်ပူပန်မှုများ ပို၍ပို၍ ကြီးထွားလာနေခြင်း ဖြစ်ကြောင်းဖြင့်လည်း ဖော်ပြထားသည်။ အီရတ်နိုင်ငံတည်ငြိမ်မှု မရမချင်း အီရတ်နိုင်ငံ၌ စစ်တပ်များ ဆက်လက် ချထားရေးကိစ္စအပေါ် ထောက်ခံသူများမှာ လွန်ခဲ့သည့် လက ၆၄ ရာ ခိုင်နှုန်းရှိခဲ့ရာမှ ၅၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း ယင်းစစ်တမ်းတွင်ဖော်ပြနေသည်။

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များကို အမြန်ဆုံးပြန်ခေါ်ရန် လိုလားသူ ရာခိုင်နှုန်းမှာ လွန်ခဲ့သည့် လက ၃၂ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ယခုအခါ ၃၉ ရာခိုင်နှုန်းသို့ တိုးလာသည်ကိုလည်း အဆိုပါစစ်တမ်းတွင် လေ့လာတွေ့ရှိရသည်။

**(အင်တာနက်)**



**အောင်ပွဲခံ**

**အောက်တိုဘာ ၁၉ ရက်က အီရတ်နိုင်ငံဖော်လူဂျာမြို့၌ လက်နက်ခဲယမ်းများ တင်ဆောင်လာသည့် အမေရိကန်စစ်ယာဉ်ကို ပြောက်ကျားများက တိုက်ခိုက်ခဲ့ ပြီးနောက် အီရတ်လူငယ်များ အောင်ပွဲခံနေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်စစ်ယာဉ်တန်း ပုံးဖောက်ခွဲတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိပြီး ကားတစ်စီး မီးလောင်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၂**

အီရတ်နိုင်ငံအနောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့်ယာဉ်တန်းကို ဗုံးဖောက်ခွဲတိုက်ခိုက်ရာမှ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီရာ ရုပ်မြင်သံကြားအစီအစဉ်က ကြေညာသည်။

ယင်းသို့ တိုက်ခိုက်ခြင်းကြောင့် အမေရိကန်စစ်ကားတစ်စီး မီးလောင်နေသည်ကို တွေ့ရှိရပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို ကယ်ဆယ်လိုက်ရကြောင်း၊တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀အကွာ ဖော်လူဂျာမြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရုပ်မြင်သံကြားအစီအစဉ်မှ ကြေညာသည်။

ယင်းဗုံးဖောက်ခွဲ တိုက်ခိုက်မှုသည် အဆိုပါဒေသ၌ပင် ပြင်းပြင်းထန်ထန်တိုက်ခိုက်မှုများ နှစ်ရက်ကြာဖြစ်ပွားခဲ့ပြီးနောက် နောက်ဆက်တွဲဖြစ်ပွားခဲ့သည့် တိုက်ပွဲဖြစ်ကြောင်း၊ ယင်းနှစ်ရက်ကြာ တိုက်ပွဲတွင် အမေရိကန်လက်နက်ခဲယမ်း တင်ဆောင်ထားသည့် ယာဉ်တန်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုတိုက်ပွဲကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။

**အမ်အင်အေ၊ဆင်ပ်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

**အီရတ်နိုင်ငံ တီကရစ်မြို့အနီး၌ အရုဏ်ဦးတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ပြည်သူများအား မတရားဖမ်းဆီးချုပ်နှောင်ထားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## အီရတ် ကိုယ်ပိုင်ပြဿနာ အီရတ်တို့ကိုယ်တိုင်ဖြေရှင်း ၎င်းတို့နိုင်ငံကို ၎င်းတို့ကိုယ်တိုင်တည်ဆောက်စေသင့်

အမ္မန် အောက်တိုဘာ ၂၀

**အီရတ်ကိုယ်ပိုင်ပြဿနာကို အီရတ်တို့ ကိုယ်တိုင်ဖြေရှင်းပြီး အီရတ်အမျိုးသားအဖွဲ့အစည်းကို အီရန်တို့ပြန်လည်ဖွဲ့စည်း တည်ဆောက်နိုင်ရေးသည် အရေးကြီးကြောင်း ဂျော်ဒန်နိုင်ငံက စနေနေ့တွင် ထပ်လောင်းကြေညာသည်။**

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကုလသမဂ္ဂ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ကုလသမဂ္ဂ ဖောင်ဒေးရှင်းက စည်းရုံးကျင်းပသည့် နှီးနှောဖလှယ်ပွဲတစ်ရပ်ဖွင့်ပွဲတွင် ဂျော်ဒန်ဒုတိယဝန်ကြီးချုပ်နှင့် စီမံခန့်ခွဲရေးဖွံ့ဖြိုးမှုဆိုင်ရာဝန်ကြီး မိုဟာမက်ဟာလေကာက ပြောသည်။

အဓိက ပြဿနာမှာ အီရတ်ကိုယ်ပိုင်ပြဿနာကို အီရတ်တို့ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းရန်ပင်ဖြစ်ကြောင်းဖြင့်လည်း ဟာလေကာက ပြောကြားသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေတိုးတက်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း ထုတ်ဖော်ပြောကြားသည်။ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးမြေပုံတွင် အီရတ်နိုင်ငံ၏ အခန်းကဏ္ဍပြန်လည် ရရှိလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားသည်။

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ကုလသမဂ္ဂက အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီသင့်သည့်အပြင် အီရတ်ကို လူသားချင်းစာနာသည့်အကူအညီလည်းပေးသင့်သည်ဟု အလေးအနက်ထားပြောကြားသွားသည်။

**အမ်အင်အေ၊ဆင်ပ်ဟွာ**

## အီရတ်စစ်ပွဲ၌အမေရိကန်တပ်ဖွဲ့ဝင် ၃၄၁ ဦးသေဆုံး စုစုပေါင်းအမေရိကန်တပ်ဖွဲ့ဝင် ၁၅၉၇ ဦးဒဏ်ရာရ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အောက်တိုဘာ ၂၂ ရက် ဗုဒ္ဓဟူးနေ့ စာရင်းများအရ အီရတ်စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစပြီး အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၄၁ သေဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀ သေဆုံးပြီး ဒိန်းမတ်စစ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဗြိတိသျှတပ်ဖွဲ့က ကြေညာသည်။

အီရတ်စစ်ပွဲ ပြီးဆုံးပါပြီဟု အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ကြေညာသည့် မေ ၁ ရက်နေ့နောက်ပိုင်း၌ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၃ ဦးသေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်သော စာရင်းများအရသိရသည်။

အမေရိကန်တို့ စစ်ဆင်ရေးစတင်ခဲ့ချိန်ကစပြီး ရန်ပြုတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၉၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ရန်ပြုတိုက်ခိုက်မှုကြောင့်မဟုတ်ဘဲ ဒဏ်ရာရရှိသူ ၃၃၇ ဦးရှိကြောင်းဖြင့်လည်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ကြေညာသည်။ **(အင်တာနက်)**

## အီရတ်အမျိုးသမီးဝန်ထမ်း တစ်ဦးကို အနံ့ခံခွေးဖြင့် အမေရိကန်တို့ရှာဖွေမှု အီရတ်အစိုးရဝန်ထမ်းထောင်ပေါင်းများစွာတို့ ဒေါသထွက်၊ဆန္ဒပြကန့်ကွက်

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

**ပေါက်ကွဲစေတတ်သည့် ပစ္စည်းရှိမရှိ အနံ့ခံခွေးဖြင့် ရှာဖွေစစ်ဆေးသည်ကိုလက်မခံဘဲ ငြင်းဆိုခဲ့သဖြင့် အီရတ်အမျိုးသမီးတစ်ဦးအား အမေရိကန်တို့က ဖမ်းချုပ်ထားသည် ဆိုသည့် သတင်းကိုကြားကြရသဖြင့် မခံမရပ်နိုင်ဖြစ်ကြသည့် အီရတ်အစိုးရအလုပ်သမား ထောင်ပေါင်းများစွာတို့ ဆန္ဒပြကန့်ကွက်ခဲ့ကြရာ အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ထိုဆန္ဒပြသူများ၏ ဦးခေါင်းပေါ်ကျော်၍ ပစ်ခတ်လူစုခွဲခဲ့ကြရသည်ဟု သိရသည်။**

**ဆန္ဒပြကန့်ကွက်**

ဘဂ္ဂဒက်မြို့ရှိ ရေနံဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဆည်မြောင်းဝန်ကြီးဌာန အဆောက်အအုံများ အပါအဝင် အစိုးရအဆောက်အအုံများရှိရာ ဝင်းအတွင်း ယင်းဆန္ဒပြကန့်ကွက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါသအမျက်ထွက်နေသည့် ထိုဆန္ဒပြသူများအား မိုးပေါ်ထောင် ပစ်ခတ် လူစုခွဲခဲ့ရကြောင်းလည်း သိရသည်။

**ယခုမှကြုံရ**

မိမိ ဤဘဂ္ဂဒက်မြို့သို့ ရောက်ရှိလာသည်မှာ ၂၇နှစ်ရှိပြီဖြစ်ကြောင်း၊ အမေရိကန်တို့က မိမိတို့ကိုခွေးဖြင့် အနံ့ခံရှာဖွေနေကြသည်ကို ယခု ကိုယ်တွေ့ မျက်မြင်ကြုံရပြီ ဖြစ်ကြောင်း၊ အီရတ် ရေနံဝန်ကြီးဌာန အင်ဂျင်နီယာတစ်ဦး ဖြစ်သူ ဆာဒီယာအာမက်က ပြောကြားသည်။

**ဖမ်းဆီးနေပူလှမ်း**

မိမိတို့၏ အနံ့ခံခွေးဖြင့် စစ်ဆေးရှာဖွေသည်ကို လက်မခံဘဲငြင်းခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက အမျိုးသမီးဝန်ထမ်းတစ်ဦးအား လက်ထိပ်ခတ်ပြီး နေပူထဲတွင် တစ်နာရီကြာ နေလှမ်းထားခဲ့ကြောင်း ဆာဘီဆိုသူ အီရတ်တစ်ဦးက ပြောသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဘာလက်မြို့ အင်နာကွန်ဒါစခန်း၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၂၁**

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန်တပ်စခန်းတွင် အင်္ဂါနေ့က မတော်တဆမှု ဖြစ်ပွားသောကြောင့် အမေရိကန်အမှတ်(၃၇၇)ကွပ်ကဲမှုအကူတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်သတင်းများက ဆိုသည်။

အခင်းဖြစ်ပွားသောနေရာမှာ ဘာလက်မြို့ အင်နာကွန်ဒါတပ်စခန်းနေရာဖြစ်သည်ဟု ဗဟိုကွပ်ကဲမှုဌာနက ထုတ်ပြန်သည်။

ယခုသေဆုံးမှုကို ထည့်သွင်းရေတွက်လျှင် မတ်လ ၂၀ ရက် နောက်ပိုင်း အီရတ်စစ်ပွဲ စတင်ချိန် မှ ယနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုအစုစုမှာ ၃၄၀ ရှိသွားပြီဖြစ်သည်။ ထိုစာရင်းအနက် ၂၁၈ ဦးမှာ ခုခံတိုက်ခိုက်မှုများအတွင်း သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

# ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဒသမနေ့ဆက်လက်ကျင်းပ ယဉ်ကျေးမှုအနုပညာလေးစားမြတ်နိုးကြသူများတက်ရောက်ကြည့်ရှုအားပေး

**စက်မှုစွမ်းအား ခေတ်ကျော်လွှား**

ရန်ကုန် အောက်တိုဘာ ၂၃

**ကောသလမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဒသမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ ဆက်လက်ကျင်းပသည်။**

ယနေ့ ကျင်းပသည့် ကောဒသမ အကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပရာသို့ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက အဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သန်းထွန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူး ချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပ ရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုအနုပညာကို လေးစား ချစ်ခင်မြတ်နိုးကြသည့် ပြည်သူများ၊ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကမ္ဘာလှည့်ခရီးသည်များ တစ်ခဲနက် တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒသမနေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသား ပြတိုက်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ တွင် စိန်ဘိုတင့် ရေးစပ်သီကုံးပြီး တေးသံရှင် ကိုကျော်ရှိန်သီဆိုသည့် 'အောင်စည်ဖြောသံ' သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ဝါဆိုချမ်းမြေ့နှင့် မောင်သန်းဇော်ဦး၊ တနင်္သာရီတိုင်းမှ မောင်အောင်ကျော်မိုး၊ ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်း၊ ကရင်ပြည်နယ်မှ မောင်ခိုင်မင်း၊ ဧရာဝတီတိုင်းမှမောင် အေးကို၊ ရှမ်းပြည်နယ်မှ မောင်စိုင်း ညီမင်း၊ ရန်ကုန်တိုင်းမှ မောင်ဖုန်းမြင့်

သီကုံးပြီးတေးသံရှင် ခင်သစ်လွင်သီဆို သည့် 'ဖက်ဖူးဆင် ခင်ခင်ကြိုက်တယ်' သီချင်းဖြင့် ရှမ်းပြည်နယ်မှ မလဲ့လဲ့မျိုး၊ ကယားပြည်နယ်မှ မထရေ စီထန်း၊ မန္တလေးတိုင်းမှ မဝါဝါနွယ်၊ ဧရာဝတီတိုင်းမှ မချောစုစံ၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ရန်ကုန်တိုင်းမှ မထက် ထက်အောင်နှင့် မခင်မြသက်နှင်း၊ မွန်ပြည်နယ်မှ မစိမ်းလဲ့လဲ့မိုး၊ ကချင် ပြည်နယ်မှ မစန်းယုယုလှိုင်၊ တနင်္သာရီ တိုင်းမှမခိုင်နီလင်း၊ မကွေးတိုင်းမှ မစကားဝါမွန်၊ မန္တလေးတိုင်းမှ မယဉ် မျိုးသန့်၊ ချင်းပြည်နယ်မှ မလိန်းစိမ်း၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်းနှင့် ကရင်ပြည်နယ်မှ မဖြူဖြူကျော်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ၏ ဒသမနေ့ ပြိုင်ပွဲအစီအစဉ်များကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက် သည်။

## စန္ဒရားအတီးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရား အတီး ပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့ နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

**အခြေခံပညာ အဆင့် အသက် (၁၀ – ၁၅)နှစ် အ မျိုး သ မီး စန္ဒရား အတီး ပြိုင်ပွဲ၌ ကယား ပြည်နယ်မှမသိမ့် မျက်သွယ် ယှဉ် ပြိုင်စဉ်။(က–ပ)**



စန္ဒရားအတီးပြိုင်ပွဲတွင် အတီး အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင် စန္ဒရား အတီးအကဲဖြတ် အဖွဲ့ခေါင်း စန္ဒရား ဦးချစ်ဆွေနှင့် အကဲဖြတ်အဖွဲ့ဝင်များ က ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေး ကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုး သား) စန္ဒရားအတီးပြိုင်ပွဲကိုစတင် ကျင်းပရာ'တောင်ဇမ္ဗူပိုင်'(ယိုးဒယား)

မွန်းလွဲပိုင်းတွင် အခြေခံပညာ အဆင့်အသက် (၁၀–၁၅) နှစ် (အမျိုးသမီး) စန္ဒရားအတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဒေါ်မေရှင် သီဆို ခဲ့သည့် 'ကျေးစေတမန်' ကာလပေါ် သီချင်းဖြင့် မန္တလေးတိုင်းမှ မချမ်း

**အခြေခံပညာ အဆင့် အသက် (၁၅–၂၀)နှစ် အ မျိုး သ မီး စန္ဒ ရား အတီး ပြိုင်ပွဲ၌ ရန်ကုန် တိုင်းမှ မအိမ့် သရသူ စန္ဒရား အတီးပြိုင်စဉ်။ (က–ပ)**



မြေ့သူ၊ ရန်ကုန်တိုင်းမှ မအိဖြိုးပိုင်၊ မန္တလေးတိုင်းမှ မနှင်းငွေရည်၊ ရန်ကုန် တိုင်းမှ မထွဋ်မြတ်နိုးအောင်၊ ကယား ပြည်နယ်မှ မသိမ့်မျက်သွယ်၊ မွန် ပြည်နယ်မှ မငြိမ်းအေးသွယ်၊ ဧရာဝတီ တိုင်းမှ မခိုင်ကြည်အေး၊ တနင်္သာရီ တိုင်းမှ မဝေဖြိုးပိုင်၊ ရခိုင်ပြည်နယ်မှ မသင်းမြတ်နိုး၊ ပဲခူးတိုင်းမှ မငုံဖူးပွင့်၊ မကွေးတိုင်းမှ မအင်ကြင်းဦး၊ ကချင် ပြည်နယ်မှ မမြတ်သဥ္ဇာကျော်၊ ကရင် ပြည်နယ်မှ မဇင်မာဦးနှင့် ရှမ်းပြည်နယ် မှ နန်းထက်ထက်ဇော်တို့ ပါဝင်ယှဉ်ပြိုင် ကြသည်။

## စောင်းတီးပြိုင်

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ စောင်းတီး ပြိုင် ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်း မြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာ ဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာ အဆင့် (အမျိုးသား) စောင်းတီးပြိုင်ပွဲတွင်

'မိုးမင်းလွန်ကဲ'(ကြိုး) သီချင်းဖြင့် ရန် ကုန်တိုင်းမှ မောင်မင်းမင်းသိန်း၊ မွန် ပြည်နယ်မှ မောင်အောင်ကိုသက်၊ ရခိုင် ပြည်နယ်မှ မောင်ဇင်လင်းလင်းစိုး နှင့် ရန်ကုန်တိုင်းမှ မောင်အောင်မျိုး ထက်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာ အဆင့် (အမျိုးသမီး) စောင်းတီး ပြိုင်ပွဲကို ကျင်းပရာ 'မိုးမင်းလွန် ကဲ'(ကြိုး)သီချင်းဖြင့်ပင် မန္တလေးတိုင်း မှ မခင်ဆွေမြကြည်၊ မွန်ပြည်နယ်မှ မဖြူဖြူအေး၊ မန္တလေးတိုင်းမှ မနန္ဒာ အေး(ခ)မခင်နန္ဒာနွယ်၊ ပဲခူးတိုင်းမှ မအေးသီတာဝင်း၊ ရန်ကုန်တိုင်းမှ မတင်တင်ယု၊ ရန်ကုန်တိုင်းမှ မဆန်း လှရီနှင့် ရခိုင်ပြည်နယ်မှ မခင်မိမိမိုး တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီ အစဉ် ခေတ္တရပ်နားသည်။

ထို့နောက်မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် (အမျိုးသား) စောင်းတီးပြိုင်ပွဲ ကို ပြန်လည်ကျင်းပရာ 'ဟေမဝန်ချာ' (ဘွဲ့)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်သက်ဦးဇင်၊ တနင်္သာရီတိုင်းမှ မောင်ဟန်စိုး၊ ရန်ကုန်တိုင်းမှမောင်ပြည့် ဇော်ဖြိုးနှင့် ရန်ကုန်တိုင်းမှ မောင်ယု ပိုင်သော်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) စောင်းတီးပြိုင်ပွဲကိုကျင်းပရာ 'ဂန္ဓမာ တောင်'(ဘွဲ့)သီချင်းဖြင့်ရန်ကုန်တိုင်း မှ မဆုဆုဝင်းမောင်၊ ရန်ကုန်တိုင်းမှ မရွှေယမင်းဦး၊ ဧရာဝတီတိုင်းမှ မစုစု မြတ်၊ တနင်္သာရီတိုင်းမှ မနန်းသီရိ ခင်ခင်၊ မန္တလေးတိုင်းမှ မအေးစုကျော်၊ ရခိုင်ပြည်နယ်မှ မခင်မေအောင်နှင့် မွန်ပြည်နယ်မှ မဆုရည်ပြုံးတို့ ပြိုင်ပွဲ ဝင်ကြသည်။

## သီချင်းအရေးပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာ အဆင့် အသက်(၁၅–၂၀)နှစ် အရေး ပြိုင်ပွဲဝင်များ၏ သီချင်းများယှဉ်ပြိုင် ခြင်းကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီ လမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌ နံနက်၉နာရီတွင် ဆက်လက် ကျင်းပသည်။

အခြေခံပညာအဆင့် အသက်(၁၅ –၂၀)နှစ် အရေးပြိုင်ပွဲ၌ 'လူငယ့် အားမာန်' သီချင်းခေါင်းစဉ်ဖြင့် ရေး စပ်သီကုံးယှဉ်ပြိုင်ခဲ့ကြသော ရန်ကုန် တိုင်းမှ မောင်မျိုးဆွေသန့်၊ ရန်ကုန် တိုင်းမှ မဖူးဖူးသန့်၊ ဧရာဝတီတိုင်း မှ မရွှေသဥ္ဇာလွင်၊ မွန်ပြည်နယ်မှ မောင်နွေးထက်စိုး၊ တနင်္သာရီတိုင်းမှ မမိခိုင်သွယ်ဇင်၊ မန္တလေးတိုင်းမှ မယဉ်မျိုးသန့်နှင့် မန္တလေးတိုင်းမှ မခင် ငြိမ်းချမ်းစိုးတို့၏ သီချင်းစာသားများ ကို အနုပညာရှင်များနှင့် တွဲဖက်၍ တီးမှုတ်သီဆိုပြိုင်ပွဲဝင်ကြသည်။

**(သတင်းစဉ်)**

**အခြေခံပညာ အဆင့် အသက် (၁၀ – ၁၅) နှစ် (အ မျိုး သ မီး) စောင်းအတီးပြိုင်ပွဲ တွင် တနင်္သာရီ တိုင်းမှ မနန်းသီရိ ခင်ခင် ပြိုင်ပွဲဝင် စဉ်။ (က–ပ)**



ထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ဘိုဘို လင်း၊ ပဲခူးတိုင်းမှ မောင်စိုးမင်းအောင် (ခ)မောင်အောင်အောင်၊ ကချင်ပြည် နယ်မှ မောင်တိုးတိုးနိုင်၊ ရန်ကုန်တိုင်း မှ မောင်ထွန်းထွန်းလင်းနှင့် မွန်ပြည် နယ်မှ မောင်ထိန်လင်းအောင်တို့ သီဆို ပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာ အဆင့် အသက် (၁၅ – ၂၀ )နှစ် (အမျိုးသမီး)ခေတ်ဟောင်းကာလပေါ် တေးအဆိုပြိုင်ပွဲ၌ ကိုလေးညွန့် ရေးစပ်

သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးသောင်း ထိုက်၊ ရန်ကုန်တိုင်းမှ ဦးအောင် ဇော်ထွေး၊ ဧရာဝတီတိုင်းမှ ဦးမြင့် အောင်၊ မွန်ပြည်နယ်မှ ဦးကျော်သူဝင်း နှင့် ပဲခူးတိုင်းမှ ဦးမြင့်ငြိမ်းတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပညာရှင်အဆင့် (အမျိုး သမီး)စန္ဒရားအတီးပြိုင်ပွဲတွင်'ရွှေညီလာ နှင့် မြင်းခင်း(လေးထွေသံကတ်နှင့် ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွှန့်တို့ ပါဝင်ယှဉ်ပြိုင် ကြသည်။

## မဟာဇနကရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ တော်ဝင်ရုပ်စုံသဘင်အဖွဲ့ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၃**

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ မဟာဇနက ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ တတိယ နေ့ပြိုင်ပွဲ အစီအစဉ်ကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ ၌ ဆက်လက်ယှဉ်ပြိုင်တင်ဆက်ရာ ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံသဘင် အဖွဲ့ပါဝင်ယှဉ်ပြိုင် တင်ဆက်သည်။

အဆိုပါ ပြိုင်ပွဲသို့ ကောဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ အမှတ် (၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်အနုပညာ ရှင်ကြီးများနှင့်မြန်မာ့ရိုးရာအနုပညာ ကို ချစ်ခင်မြတ်နိုး တန်ဖိုးထားလေးစား ကြသော ရွှေပွဲလာပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေး ကြသည်။

ယနေ့ည ပါဝင်ယှဉ်ပြိုင်သော ရန်ကုန်တိုင်းတော်ဝင်ရုပ်စုံသဘင်အဖွဲ့ မှ သဘင်ပညာရှင်များ၏ မဟာဇနက ဇာတ်တော်ကြီးအဖွဲ့တွင် ဇာတ်ညွှန်း ပျဉ်းမနားမြင့်လှိုင်၊ ကြိုးဆွဲအဖွဲ့နှင့် ဆို၊ ငို၊ ပြောအဖွဲ့တွင် ဦးအောင်တိုး နှင့်အဖွဲ့၊ ဇာတ်ပို့ဆိုင်းပန်တျာစိန်လှ မြိုင်နှင့်အဖွဲ့တို့က မြန်မာ့ရိုးရာယဉ် ကျေးမှုရုပ်သေးကြိုးဆွဲအနုပညာကို ရသမြောက်စွာပါဝင်ယှဉ်ပြိုင်ကြသည်။

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ မဟာဇနက ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ စတုတ္ထ နေ့အစီအစဉ်များကို အောက်တိုဘာ ၂၄ရက်ည ၇နာရီတွင် မွန်ပြည်နယ် ကိုယ်စားပြုပုဏ္ဏားပျံရုပ်စုံစင်တော်ကြီး အဖွဲ့က ယှဉ်ပြိုင်တင်ဆက်မည်ဖြစ် သည်။ **(သတင်းစဉ်)**

## အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

လက်တွေ့ ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာသာ ဘီအေ (အင်္ဂလိပ်စာ)၊ ဒီပလိုမာ(အင်္ဂလိပ်စာ သင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာ ဘွဲ့ရဆရာများက ပို့ချပေးမည့် Spoken English, Intermediate Level General English Proficiency သင်တန်းများကို အောက်တို ဘာ ၁၆၊ ၂၅ ရက် နှင့် နိုဝင်ဘာ ၃၊ ၁၀၊ ၁၇၊ ၂၄ ရက်များတွင် စတင် ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် တစ်နှစ်ပတ်လုံး ဖွင့်လှစ်လေ့ကျင့်ပေး နေသည့် Member Club အဖွဲ့ဝင် အဖြစ် လေ့ကျင့်ခွင့်၊ စာအုပ်များ အခမဲ့ငှားရမ်းခွင့်များ ရရှိမည်ဖြစ်ရာ Success Language Academy ၄၅၇(တတိယထပ်)၊ ကုန်သည် လမ်း(ဘိုကလေးဈေးလမ်းထောင့်) ဂမုန်းပွင့်ကုန်တိုက်ရှေ့၊ ဖုန်း–၂၈၅၇၂၄ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ ➡ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အတီး/ဇာတ်သဘင် | အရေး | အတီး |
| ၁၁ | ၂၄–၁၀–၂၀၀၃ (သောကြာနေ့) | **မဟာဂီတ(နံနက်)**<br>(၁) အဆင့်မြင့်(ကျား)<br>**မဟာဂီတ (နေ့လယ်)**<br>(၂) အခြေခံ(၁၀–၁၅)(မ) | **စန္ဒရား**<br>(၁) အခြေခံ(၅–၁၀) (ကျား)**(နံနက်)**<br>(၂) အခြေခံ(၅–၁၀) (မ) **(နေ့လယ်)**<br>**ရုပ်သေးဇာတ်တော်ကြီး(ညပိုင်း)**<br>မွန်ပြည်နယ်ကိုယ်စားပြု ပုဏ္ဏားပျံရုပ်စုံစင်တော်ကြီးအဖွဲ့ | **အရေးသီချင်းပြိုင်ပွဲ (ကမ္ဘောဇဇာတ်ရုံ)**<br>(၁) ဝါသနာရှင် | **နှဲ**<br>(၁) ဝါသနာရှင် **(နံနက်)**<br>(၂) အခြေခံ(၁၅–၂၀) **(နေ့လယ်)**<br>(၃) အဆင့်မြင့် **(နေ့လယ်)** |

**(ဆက်လက်ဖော်ပြပါမည်။)**

# တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများ

တနင်္သာရီတိုင်းသည် သဘာဝ ရေမြေသယံဇာတများ၊ ရေထွက်ပစ္စည်းများ ပေါများကြွယ်ဝသော တိုင်းဖြစ်သည်။ တိုင်းအတွင်း စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက လမ်းများ၊ တံတားများ၊ မီးရထားလမ်းများ ဖောက်လုပ်ပေးခဲ့သည်။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းကို တည်ဆောက်ပေးခဲ့သည်။ တနင်္သာရီတိုင်း ကော့သောင်းမြို့တွင်လည်း ယင်းဝါရေလှောင်တမံကို တည်ဆောက်ပေးထားသည်။ တနင်္သာရီ–ဘုတ်ပြင်းကားလမ်းဘေးတွင် ဆီအုန်းဧက ၅၀၀၀ခန့် စိုက်ပျိုးထားပြီး တိုင်းတစ်ခုလုံး ဧက ငါးသိန်း စိုက်ပျိုးရန် ရည်မှန်းထားသည့်အပြင် ပင်လယ်ပြင်မှ ငါး၊ ပုစွန်၊ ပုလဲနှင့် သဘာဝဓာတ်ငွေ့တို့ကို တိုးချဲ့ရှာဖွေဖော်ထုတ်လျက်ရှိသည်။



**ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှု**

ကော့သောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို ရဟတ်ယာဉ်ပေါ်မှ တွေ့ရစဉ်။



မြိတ်မြို့နယ်တွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော ကျွဲကူး–ကျောက်ဖျာတံတားကြီးကို တွေ့ရစဉ်။

## မြိတ်တက္ကသိုလ်



## ရတနာ သဘာဝဓာတ်ငွေ့

တနင်္သာရီကမ်းရိုးတန်း မုတ္တမကမ်းလွန်တွင် မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရတနာသဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက် အမှတ်(၁)ကို တွေ့ရစဉ်။




## ဆိပ်ခံ တံတား



လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် တည်ဆောက်ပေးထားသည့် ကျွန်းစုမြို့ မင်္ဂလာဆိပ်ခံတံတားကို တွေ့ရစဉ်။

**စီးပွားကူးသန်း ရှေ့သို့လှမ်း**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေညှာ–မဏ္ဍိုင်တံတားဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

✡ ***ခေတ်မီဖွံ့ဖြိုးမှု***

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တနင်္သာရီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော့သောင်းခရိုင်နှင့် ကော့သောင်း၊ ဘုတ်ပြင်း၊ ကျွန်းစုမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့သည့်တံတားအထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးလှမင်းနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ဒေသခံပြည်သူများ၊ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

လေညှာ–မဏ္ဍိုင်တံတားဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် လေညှာ–မဏ္ဍိုင်တံတားသည် လေညှာမြစ်ကိုဖြတ်ပြီး တည်ဆောက်ထားသော အရှည်ပေ ၈၆၀ ရှိသည့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ တောင်ဘက်စွန်းတွင်ရှိပြီး အခြားပြည်နယ်၊ တိုင်းများနှင့် ရေကြောင်းနှင့်လေကြောင်းသာ အဓိကအားထားဆက်သွယ်သွားလာနေရသည့် ကမ်းရိုးတန်း ကမ်းမြောင်ဒေသတစ်ခုဖြစ်ကြောင်း၊ လုံခြုံရေးအခက်အခဲ၊ လမ်းပန်းဆက်သွယ်သွားလာမှု အခက်အခဲများကြောင့် တနင်္သာရီတိုင်း၌ ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများအတွက် ရေခံမြေခံအခြေခံကောင်းများရှိနေသော်လည်း ဤအခြေခံကောင်းများကို ထိုက်ထိုက်တန်တန် တန်ဖိုးရှိအောင် အသုံးမပြုနိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရကြောင်း။

ဤကဲ့သို့ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေရသည့် အခြေအနေကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အပိုင်းက တာဝန်ရှိသူများသည် တနင်္သာရီတိုင်းအတွင်း အကြိမ်ကြိမ်ကွင်းဆင်းပြီး ပြုပြင်ဖန်တီးပေးသင့်သည်များကိုညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ယခုလည်း ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးကိုယ်တိုင် ဦးဆောင်ပြီး မိမိတို့အဖွဲ့သည် တံတားဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ရင်း တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တနင်္သာရီတိုင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက တာဝန်ယူလုပ်ကိုင်ပေးရသည့် အစီအမံများတွင် တနင်္သာရီတိုင်းအတွက် မဟာဗျူဟာကျသည့် ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ကားလမ်းဖောက်လုပ်ရေးနှင့် လိုအပ်သည့်မြစ်ကူးချောင်းကူး တံတားများတည်ဆောက်ရေး စီမံကိန်းများသည် အကျုံးဝင်ပါရှိလာကြောင်း။

၁၅၄မိုင်ကျော်ခန့်ရှိသည့် ထားဝယ်–မြိတ် ကားလမ်းအပိုင်းနှင့် ၅၅ မိုင်ခန့်ရှိသည့် မြိတ်–တနင်္သာရီ ကားလမ်းပိုင်းတို့သည် ကတ္တရာလမ်းများအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ပြီး ကားများပုံမှန် ပြေးဆွဲနေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ကြောင်း။

ကျန်ရှိသည့် ၉၃ မိုင်ကျော် တနင်္သာရီ–ဘုတ်ပြင်းလမ်းပိုင်းကို ယခုအခါကတ္တရာလမ်းအဖြစ် ၁၄မိုင်နှင့် ကျောက်ချောလမ်းများအဖြစ် ၇၉ မိုင်ကျော် အဆင့်မြှင့်တင် ပြုပြင်ဖောက်လုပ်ပြီးဖြစ်ကြောင်း။

အလားတူပင် ၁၄၂ မိုင်ကျော်ရှိသည့် ဘုတ်ပြင်း–ကော့သောင်း ကားလမ်းသည်လည်း ကတ္တရာလမ်း ၃၄ မိုင်ကျော်၊ ကျောက်ချောလမ်းမိုင် ၁၀၀ ကျော် အသီးသီးဖောက်လုပ်ပြီး ဖြစ်ကြောင်း၊ ယခင်ကပွင့်လင်းရာသီ၌သာ သွားလာနိုင်သည့် ကော့သောင်း–ဘုတ်ပြင်း–တနင်္သာရီ လမ်းသည် တိုးတက်ပြုပြင်စရာများ ရှိနေဆဲဖြစ်သော်လည်း ရာသီမရွေး ကူးသန်းသွားလာနိုင်သည့် လမ်းမကြီးအဖြစ် ခိုင်ခိုင်မာမာ ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း။

ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ရာ၌ လမ်းတစ်လျှောက် လိုအပ်သည့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးခဲ့ရာ ယနေ့ဆိုလျှင် အားလုံး ပြည့်ပြည့်စုံစုံ ပြီးစီးပြီဖြစ်ကြောင်း၊ ဤလမ်းမကြီးပေါ်၌ တံတားငယ်များမပါဘဲ ပေ ၅၀၀နှင့်အထက် တံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ တနင်္သာရီတံတား၊ ပသောင်းတံတားနှင့် ယခု လေညှာ–မဏ္ဍိုင်တံတား စုစုပေါင်းတံတားကြီးခြောက်စင်းတည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်ပြီးတံတားခြောက်စင်းအနက် ပေ ၈၁၀ ရှိသည့် ပသောင်းတံတားကို တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က ဝင်ရောက်ကူညီ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီ ရက်ပိုင်းအတွင်းတွင်လည်း မြိတ်မြို့အနီး၌ ကျွဲကူး–ကျောက်ဖျာတံတားကို ဆက်လက်ဖွင့်လှစ်ပေးတော့မှာဖြစ်ကြောင်း။

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် ဤပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ရာတွင် လုပ်သားအင်အား အခက်အခဲ၊ မိုးများသောဒေသဖြစ်သည့်အတွက် ရာသီဥတုနှင့် ယှဉ်ပြိုင်ပြီး အချိန်လုအလုပ်လုပ်ရသည့် ကန့်သတ်ချက်များရှိကြောင်း၊ ထို့အပြင် လိုအပ်သည့် စက်ယန္တရားမျိုးစုံကို လုပ်ငန်းခွင်သို့ စုစည်းရောက်ရှိအောင် ခက်ခက်ခဲခဲ သယ်ယူလုပ်ကိုင်ခဲ့ရကြောင်း သိရကြောင်း၊ မည်သည့်အခက်အခဲများ၊ မည်သည့်အကန့်အသတ်များ မည်ကဲ့သို့ ရုန်းကန်ကျော်လွှားခဲ့ရသည်ဆိုသည်ကို ယနေ့ လမ်းဖောက်၊ တံတားဆောက်ခဲ့ရသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အားလုံး ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ကြောင်း။

လမ်းလုပ်ငန်းရော တံတားလုပ်ငန်းများမှာပါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ လက်တွဲပြီး တိုင်း၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်း၏ အသက်သွေးကြောဖြစ်သည့် ဤလမ်းမကြီးသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို ဖော်ညွှန်းပြဆိုနေသည့် ပြည်ထောင်စုလမ်းမကြီးဖြစ်ကြောင်း မှတ်တမ်းပြုရမှာဖြစ်ကြောင်း။

ထို့အပြင် မည်သို့သောအခက်အခဲများနှင့် အကန့်အသတ်များကိုမဆို ပြည်သူများ၏ စုပေါင်းညီညွတ်မှုစွမ်းအား၊ အတတ်ပညာရှင်များ၏ တီထွင်ကြံဆအားထုတ်မှုစွမ်းအား၊ တာဝန်ရှိသူအဆင့်ဆင့်၏ ကြပ်မတ်ကွပ်ကဲမှုနှင့် ပံ့ပိုးကူညီမှုစွမ်းအားတို့ဖြင့် ကျော်လွှားဖြတ်သန်းနိုင်သည်ကို ဤလမ်းမကြီးက လက်တွေ့ပြဆိုလျက်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၊ တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ ဒေသကြီး ၂၄ခုဖွံ့ဖြိုးရေးလုပ်ငန်း စသည့်လုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်း၌ ဆက်စပ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုကဲ့သို့လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများသာမက စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးစသည့်ကဏ္ဍအလိုက် အခြေခံလိုအပ်သော စီမံကိန်းလုပ်ငန်းများကို တစ်ပြိုင်တည်း အလေးထားအကောင်အထည်ဖော်လျက်ရှိကြောင်း။

တနင်္သာရီတိုင်းတွင် ထားဝယ်၊မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းတို့အကြား ရေခြားမြေခြား ဖြစ်နေမှုကို တစ်သားတည်းဆက်စပ်သွားအောင် ယခုကဲ့သို့မော်တော်ကားလမ်းများကို တည်ဆောက်ပေးနေသကဲ့သို့ မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်တို့ကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့သည်မှာ အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ထို့အပြင် သင်္ဘောများလွယ်ကူစွာ ဆိုက်ကပ်ရပ်နားနိုင်ရန်ဆိပ်ခံတံတားသစ်များကိုလည်း ဖြစ်နိုင်သည့်နေရာများ၌ တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းစသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက်ဖြစ်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အားပေးပျိုးထောင်ပေးလျက်ရှိကြောင်း၊ မြိတ်နှင့် ကော့သောင်းအကြား ရေ၊ မြေ၊ ရာသီဥတု အခြေအနေအရ ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်သီးနှံပင် ဆီအုန်းစိုက်ပျိုးရေးကို လက်တွေ့ကျကျ အားပေးခွင့်ပြုခဲ့သည့်အတွက် ယနေ့ဆိုလျှင်ပုဂ္ဂလိက ဆီအုန်းခြံကြီးများသည် ဧကထောင်ချီပြီး မြိတ်–ဘုတ်ပြင်း–ကော့သောင်း လမ်းမကြီး၏ ဝဲယာတစ်လျှောက် တစ်မျှော်တစ်ခေါ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ဆီအုန်းခြံ အလုပ်စခန်းများ၊ စက်ယန္တရားများ၊ ဈေးဆိုင်များ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများနှင့်စည်ကားလာနေ ပြီဖြစ်သကဲ့သို့ ဆီအုန်းဆီကြိတ်စက် ရုံများကိုလည်း စတင်ထူထောင်နေပြီဖြစ်သည့်အတွက် မကြာမီနှစ်ပိုင်းအတွင်းတွင် တနင်္သာရီတိုင်းသည် နိုင်ငံတော်အတွက် စားအုန်းဆီ ထုတ်လုပ်ပေးသည့် ဆီအိုးကြီးအဖြစ် စတင်တက်လှမ်းတော့မှာဖြစ်ကြောင်း၊ ပုဂ္ဂလိကဆီအုန်းစိုက်ဧကသည် တိုင်းတစ်ခုလုံး၌ ဧကရှစ်သောင်းကျော်ခန့်ရှိပြီး ယခုတံတားကြီးတည်ရှိရာ ကော့သောင်းခရိုင်အတွင်း၌ ဧကငါးသောင်းခွဲကျော်ခန့် တစ်ဆက် တစ်စပ်တည်း စိုက်ပျိုးဖြစ်ထွန်းနေ သည်မှာအားလုံးမျက်မြင်ဖြစ်ကြောင်း။

တနင်္သာရီတိုင်း၏ မြေဧရိယာ အကျယ်အဝန်းသည် ဧက ၁၀၇သိန်းကျော်ရှိပြီး လက်ရှိစိုက်ပျိုးမြေသည် ၆ ဒသမ ၃ သိန်း ဧကခန့်ရှိကြောင်း၊ ၁၉၈၇–၈၈ခုနှစ်နှင့်နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဧကကိုးသောင်းခန့် စိုက်ပျိုးမြေအဖြစ်တိုးချဲ့လာနိုင်သော်လည်း ဆက်လက်တိုးချဲ့နိုင်မည့် မြေလွတ်မြေရိုင်းဧရိယာဧက မြောက်မြားစွာ ကျန်ရှိနေဆဲဖြစ်ကြောင်း၊ တကယ်လက်တွေ့ကျကျမြေသယံဇာတများကို အပြည့်အဝအသုံးချမည်ဆိုလျှင် အနိမ့်ဆုံးလက်ရှိစိုက်ပျိုးမြေ၏ နှစ်ဆခန့် တိုးချဲ့စိုက်ပျိုးနိုင်ဦးမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဆီအုန်းအပြင် ရော်ဘာနှင့်အခြားနှစ်ရှည်ပင်များ၊ ဝင်ငွေရနိုင်သည့် ငရုတ်ကောင်းပင်များ၊ ရာသီသီးနှံများဖြစ်သည့် ဆန်စပါးနှင့်ပဲမျိုးစုံတို့ကို စီမံချက်များချမှတ်ပြီးမြေသယံဇာတများကို အကျိုးရှိရှိအပြည့်အဝ အသုံးချသွားကြရန်လိုအပ်ကြောင်း။

*စာမျက်နှာ ၁၂ ကော်လံ ၁*



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေညှာ–မဏ္ဍိုင်တံတားဖွင့်ပွဲတွင် တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လေညှာ–မဏ္ဍိုင်တံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

24-10 (9).p65 1 3/24/05, 9:48 PM

**ကထိန်သင်္ကန်း လှူဒါန်းနိုင်**

**ရန်ကုန် အောက်တိုဘာ ၂၃**

ခေတ်မီမော်တာစက်သစ်ကြီးများအသုံးပြုပြီး ပိတ်အုတ်အသစ်များကို နိုင်လွန်ချည်ဖြင့် ဝိနည်းနှင့်အညီချုပ်ရိုးသေသပ်ခိုင်ခံ့စွာ အလျားအနံပြည့်ချုပ်လုပ်ထားသော သမ္မတကထိန်သင်္ကန်းများကိုဝယ်ယူလှူဒါန်းနိုင်ပြီဖြစ်ရာ သမ္မတနိဗ္ဗာန်ကုန်နှင့်သင်္ကန်း အရောင်းဆိုင်သစ်၊ အမှတ် ၁၅၆၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၃၂၈၂၊ ၅၄၃၂၀၆၊ အမှတ် ၁၁၈ (စီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၃၉၅၊ ၅၄၅၃၉၆၊ အမှတ် ၂၃ (ဘီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၄၉၅၄ တို့တွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

**သားငါးဖွံ့ဖြိုး ပြည့်အကျိုး**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စေတနာနှင့် ကျေးလက်ပြည်သူများအတွက် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူ ပြည်သူလူထုအတွင်းတွင် အဖြစ်များသော ရောဂါများအနက် သွားနှင့်ခံတွင်းရောဂါများသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ သွားနှင့်ခံတွင်းရောဂါများအနက်အဖြစ်အများဆုံး ရောဂါများမှာ-

၁။ သွားဖုံးရောင်ရောဂါ

၂။ သွားပိုးစားရောဂါ

၃။ ကင်ဆာဖြစ်စေတတ်သော အကွက်၊ အဖု၊ အကြိတ်အနာများနှင့်

၄။ ခံတွင်းကင်ဆာရောဂါတို့ပင်ဖြစ်သည်။

အထက်ပါ ရောဂါများ ဖြစ်ပွားရသည့် အဓိက အကြောင်းအရင်းမှာ-ခံတွင်းမသန့်ရှင်းမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပေသည်။ သွားဖုံးရောင်ရောဂါသည် ကျေးလက်ပြည်သူများတွင် အဖြစ်များပြီး သွားပိုးစားရောဂါသည် လက်ဖက်ရည်၊ ကော်ဖီနှင့် အချိုသားရေစာများ အစားများသော မြို့နေလူတန်းစားများတွင် အဖြစ်များသည်။

သွားနှင့်ခံတွင်းရောဂါများ ဖြစ်ပွားလာပါက ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ သွေးထွက်ခြင်း၊ ပြည်တည်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဖျားနာခြင်းစသည်များကြောင့် သွားနှုတ်ပစ်ရသဖြင့် အလွန်တန်ဖိုးရှိသော သဘာဝသွားများ ပျက်စီးဆုံးရှုံးရပေသည်။ သဘာဝသွားများဆုံးရှုံးရသဖြင့် အစားအစာများကို ကြေညက်စွာမဝါးနိုင်ခြင်းကြောင့် အာဟာရချို့တဲ့သော ရောဂါများ ခံစားရကာ ကိုယ်ခံအားနည်းပါးခြင်းတို့ကြောင့် တုပ်ကွေး၊ တီဘီ၊ အသည်းရောင်အသားဝါစသည့် အခြားသောရောဂါများလည်း ကူးစက်ကပ်ညိရန် လွန်စွာလွယ်ကူလှသည်။

သွားဖုံးရောင်ရောဂါ၊ သွားပိုးစားရောဂါတို့ကြောင့် အသက်မဆုံးရှုံးနိုင်သော်လည်း ခံတွင်းကင်ဆာကဲ့သို့သော ရောဂါများမှာ အသက်အန္တရာယ်ဆုံးရှုံးနိုင်သည့် ရောဂါများဖြစ်သည်။ သွားနှင့်ခံတွင်း ကျန်းမာရေးသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်သင့်လှသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနသည် ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်း၊ခရိုင်၊ မြို့နယ်ဆေးရုံ ၂၄၂ရုံ၊ ဒေသန္တရကျန်းမာရေးဌာန ၄၅ခုနှင့် ကျောင်းကျန်းမာရေးဌာန ၅၈ခုတို့တွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ပေါင်း ၃၄၉ဦးတို့အား ခန့်ထား ဆောင်ရွက်လျက်ရှိသည်။ ၎င်းပြင် ခရိုင်အထူးကုဆရာဝန် ၁၅ဦး၊ တိုင်းအထူးကုဆရာဝန်ကြီး ခုနစ်ဦး စသည်ဖြင့် ခန့်ထားကာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ပြည်သူအများ သွားရောဂါများကို အဆင့်မြင့်မြင့်ကုသခံယူမှုရရှိနိုင်ရေးအတွက် ခေတ်မီအဆင့်မြင့် အီလက်ထရွန်နစ်စက်ပစ္စည်းများ တပ်ဆင်ထားသော သွားရောဂါကုစက်ခုံများကို တိုင်း၊ ခရိုင်နှင့် အချို့သော မြို့နယ်များတွင် တပ်ဆင်ပေးထားပြီးဖြစ်သည့်ပြင် သွားဘက်ဆိုင်ရာဆေးဝါးပစ္စည်းများလည်း အတတ်နိုင်ဆုံး ထောက်ပံ့လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သူများအနက် ၇၀ရာခိုင်နှုန်းသော ပြည်သူလူထုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများ ဖြစ်သည်။ မြို့နယ်ဆေးရုံများအထိ သွားဆရာဝန်များခန့်ထားပေးသဖြင့် မြို့ပေါ်နေလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့သော်လည်း ကျေးလက်ဒေသနေ ပြည်သူလူထုအတွက် အနည်းငယ် အလှမ်းဝေးနေပေသေးသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ပြည်သူများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်သည်လည်း တစ်ခု အပါအဝင်ဖြစ်ပေသည်။

သွားနှင့်ခံတွင်းကျန်းမာရေးသည် ခန္ဓာကိုယ်တစ်ခုလုံး ကျန်းမာရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ရာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျေးလက်ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ မြို့ပြနှင့်ကျေးလက်ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု ကွာဟမှုနည်းပါးသွားမည် ဖြစ်သည့်အပြင် ပြည်သူလူထု၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မြင့်မားမှုကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနစိတ်သည် ကျေးလက်ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ရေးဆွဲကာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံအတွင်းရှိ အချို့သောမြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ဒေါက်တာကျော်ညွန့်

ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များမှာ ကျေးလက်ပြည်သူများ၏ သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများတွင်ပင် ပြုစုစောင့်ရှောက်ကုသမှု လွယ်ကူထိရောက်စွာ ခံယူရရှိနိုင်စေရန်ဖြစ်သည်။

သို့ပါ၍ ကျေးလက်ပြည်သူများအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အခြေခံကျန်းမာရေးဝန်ထမ်းများဖြစ်သည့် လက်ထောက်ကျန်းမာရေးမှူးများ၊ ကျန်းမာရေး ဆရာမကြီးများ၊ သားဖွားဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများအား သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ဆိုင်သော ဘာသာရပ်များဖြစ်သည့် အခြေခံသွားရောဂါကုသနည်းများ၊ အရေးပေါ်သွားရောဂါကုသနည်းများ၊ နွားကန်ခြင်း၊ လှည်းဘီးကြိတ်ခြင်းစသည့် မတော်တဆထိခိုက်ဒဏ်ရာများဖြစ်ပါက အရေးပေါ်ပြုစုကုသနည်းများ၊ ART နည်းဖြင့် သွားပိုးစားပေါက်များအား ဖာထေးကုသနည်းများ၊ သွားနှင့်ခံတွင်းရောဂါများ ကာကွယ်ရေးနည်းလမ်းများနှင့် ပညာပေးနည်းလမ်းများ၊ ကျောင်းသားသူငယ်များ၏ သွားကျန်းမာရေးစောင့်ရှောက်မှုနှင့် မြှင့်တင်မှုလုပ်ငန်းများ၊ လူနာများအား ညွှန်းပို့ခြင်းများစသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ ၎င်းပြင် ကျေးလက်ကျန်းမာရေးဌာနများ၌ပင်လျှင်သွားကျန်းမာရေးစောင့်ရှောက်မှု၊ ပြုစုကုသမှုများဆောင်ရွက်ပေးနိုင်ရန် သွားဘက်ဆိုင်ရာဆေးဝါးပစ္စည်းများလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့နယ်၅၇မြို့နယ် လွှမ်းခြုံပြီးဖြစ်သည်။ ၎င်းမြို့နယ်များမှ လက်ထောက်ကျန်းမာရေးမှူး၂၃၅ဦး၊ ကျန်းမာရေးဆရာမကြီး၂၇၀၊ သားဖွားဆရာမ ၁၅၅၆ဦး၊ ကျန်းမာရေးကြီးကြပ်၃၀၀နှင့် မူလတန်းကျောင်းဆရာ/ဆရာမ ၂၈၅ ဦးတို့အား သင်တန်းများပို့ချလျက် သက်ဆိုင်ရာမြို့နယ်များတွင် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

၎င်းပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ စည်းရုံးဦးဆောင်ထောက်ပံ့ကူညီမှုဖြင့် တနင်္သာရီတိုင်းအတွင်း မြိတ်၊ ပုလော၊ သရက်ချောင်း၊ ရေဖြူ၊ တနင်္သာရီ၊ လောင်းလုံ၊ ကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်ရှစ်မြို့နယ်တွင် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအတွင်း သင်တန်းများဖွင့်လှစ်ပို့ချပြီးဖြစ်၍ ကျေးလက်ပြည်သူများအတွင်း သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်း၂၄၀နှင့် မူလတန်းဆရာ/ဆရာမ ၄၀တို့အား သင်တန်းပို့ချနိုင်ခဲ့သည်။ တစ်မြို့နယ်လျှင် သင်တန်းကုန်ကျစရိတ်များအပါအဝင် သွားနှင့်ခံတွင်းစစ်ဆေးသည့်ကိရိယာများ ART နည်းဖြင့် သွားများဖာထေးသည့်ပစ္စည်းကိရိယာ ရှစ်မျိုးပါသည့် သွားဘက်ဆိုင်ရာဆေးပစ္စည်းကိရိယာ ၂၅စုံစီ ရှစ်မြို့နယ် စုစုပေါင်း အစုံ ၂၀၀၊ သွားဖာထေးသည့်ပစ္စည်းများဖြစ်သည့် Glass ionomer ၂၀၀၊သွားပွတ်တံအချောင်း ၂၄၀၀၊ သွားတိုက်ဆေးဘူး ၄၈ဘူး၊ ပိုစတာအစောင် ၂၄၀၀၊ လက်ကမ်းစာစောင် ၂၄၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄သိန်းကျော်ဖိုးခန့် ပံ့ပိုးကူညီခဲ့သည်။ ၎င်းပစ္စည်းများအား ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများသို့ ဖြန့်ဖြူး၍ ကုသမှုလုပ်ငန်းများ ဆောင်ရွက်စေပြီး ဖြစ်သည်။

သို့ပါ၍ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် လူဦးရေ ၆၀၀၀ကျော်၊ ရှစ်မြို့နယ်အတွက် လူဦးရေ ၄၈၀၀၀ကျော်အား သွားပိုးပေါက်များ ဖာထေးပေးနိုင်မည်ဖြစ်ပြီး ကျေးလက်ပြည်သူများ၏ သွားရောဂါများကို ထိရောက်စွာ ကာကွယ်ကုသနိုင်မည်ဖြစ်သည်။

ယခုအခါ တနင်္သာရီတိုင်းတွင် ၁၀မြို့နယ်ရှိသည့်အနက် ၁၀မြို့နယ်စလုံးတွင် ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ တိုင်းတစ်ခုလုံးအနေအထားဖြင့် လွှမ်းခြုံမိပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်လုံးအနေအထားဖြင့် ၆၅မြို့နယ် လွှမ်းခြုံနိုင်ပြီဖြစ်သည်။ သို့ပါ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် စေတနာရှေ့ထား၍ ထောက်ပံ့ကူညီပံ့ပိုးပေးခဲ့သည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ တနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ သက်ဆိုင်ရာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၏ ပံ့ပိုးကူညီမှုများကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၂၄မြို့နယ်ရှိရာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရန် များစွာလိုအပ်နေပေသေးသည်။ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းကသာ မဟုတ်ဘဲ နီးနွယ်နေသော ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူလူထု၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နိုင်မှသာ ပြည်သူလူထုကြီး တစ်ရပ်လုံး အသက်ရှည်ကျန်းမာ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။

သွားနှင့်ခံတွင်းရောဂါများသည် ကာကွယ်၍ရသည့် ရောဂါများဖြစ်ရာ ပြည်သူလူထုမှလည်း သွားနှင့်ခံတွင်းရောဂါ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံး ပါဝင်ကူညီဆောင်ရွက်ကြပါရန် လိုအပ်မည်ဖြစ်ပေသည်။

သို့ပါ၍ နီးနွယ်သောဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ပြည်သူများအတွင်း သွားနှင့်ခံတွင်းရောဂါများဖြစ်ပွားမှု လျော့နည်းကျဆင်းသွားအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုရင်း တင်ပြအပ်ပါသည်။ ။



ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊အမှတ် ၄၉(က)နေ ကျေးဇူးရှင် မိဘများဖြစ်ကြသော အငြိမ်းစား ဘွိုင်လာမင်းကြီး ဦးသိန်းဖုံနှင့် (ဇနီး) ဒေါ်အုံးသိန်းတို့အား ရည်စူး၍ သမီးဖြစ်သူ ဒေါ်ခင်မြစစ်နှင့် (ခင်ပွန်း) ဦးကျော်ဝင်းမောင် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်ကြီး ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၄ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူး၍ အောက်တိုဘာ ၁၉ရက်တွင် ကျင်းပသော သတ္တမ အကြိမ်မြောက် သက်ကြီးပူဇော် ကန်တော့ပွဲတွင် အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်သန်းသန်းက သက်ကြီး အဘွားတစ်ဦးအား အလှူငွေများ ပေးအပ်ကန်တော့စဉ်။ (က-ပ)

စာမျက်နှာ ၉ မှ

လက်ရှိအနေအထားအရ ဆီအုန်းအပြင် ရော်ဘာစိုက်ပျိုးမှု၊ ဆန်စပါးတိုးချဲ့ စိုက်ပျိုးမှု၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကြောင့် တနင်္သာရီတိုင်းသည် ယခင်ခေတ်ကာလ အခြေအနေများနှင့် မတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဟု ဆိုနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းပြီးစုပေါင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုဘဝပြည့်စုံဖူလုံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာရေးတို့အတွက် မနားမနေ ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တိုင်းရင်းသားပြည်သူအားလုံး အသိဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူများ၏ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်စွာ အသက်မွေးဝမ်းကျောင်းပြုနိုင်မှုတို့ကို အဟန့်အတားဖြစ်စေသည့် လက်နက်ကိုင်သောင်းကျန်းမှုများကိုလည်း ချုပ်ငြိမ်းအောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိရာ ယခုအခါ ပြည်ထောင်စုကြီး၌ လက်နက်ကိုင်သောင်းကျန်းမှုများ ကွယ်ပျောက်လုနီးပါး ရှိနေပြီဖြစ်ကြောင်း၊ တနင်္သာရီတိုင်း နယ်မြေအတွင်းတွင် လက်နက်ကိုင် သောင်းကျန်းမှု အကြွင်းအကျန် အင်အားစုအနည်းငယ်ရှိနေဆဲဖြစ်သည့်အတွက် တိုင်းပြည်ကိုလည်း အကျိုးမပြု၊ ဒေသဖွံ့ဖြိုးမှုကိုလည်း အဟန့်အတားဖြစ်စေသည့် လက်နက် စွဲကိုင် လှုပ်ရှားနေမှုတို့ကို အမြင်မှန်၊ စေတနာမှန်ဖြင့် အမြန်ဆုံး ချုပ်ငြိမ်းပျောက်ကွယ်သွားအောင် အားလုံး ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ပါကြောင်း။

ဤနေ့ ဤအချိန်သည် တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တနေသည့် အေးချမ်းတည်ငြိမ်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အာမခံနိုင်မည့် အနာဂတ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းပြင်ဆင်နေသည့် ကာလဖြစ်ပါကြောင်း၊ ဤအခြေခံဥပဒေသစ် ပေါ်ထွက်လာရေးအပါအဝင် စစ်မှန် သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်သည် နိုင်ငံတော်အတွက် လက်တွေ့ကျသော နိုင်ငံရေးအစီအမံများ ဖြစ်သည့်အတွက် မိမိတို့ တိုင်းရင်းသား ပြည်သူအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို ကျရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းတာဝန်ယူ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံရေးဆိုင်ရာ တည်ဆောက်မှုများကို ဖြစ်စေ၊ စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများကိုဖြစ်စေ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် "ဉစ္စာရင်လို၊ ဉစ္စာခဲ" ဆိုသကဲ့သို့ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ယခုလို စီးပွားရေးအရ၊ ငွေကြေးအရ၊ သံတမန်နည်းလမ်းများအရ ဖိအားပေးအကျပ်ကိုင်မှုများ ခံနေရချိန်တွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်သည် ဦးထမ်း ပုံထမ်း မိမိတို့ မျှော်မှန်းထားသည့် နိုင်ငံတော်သစ်ကြီးကို ဇွဲရှိရှိ၊ ဝီရိယရှိရှိ တည်ဆောက် ထိန်းသိမ်းသွားကြရမှာ ဖြစ်ကြောင်း။

မိမိတို့၏ ချွေး၊ သွေး၊ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင် အတတ်ပညာများနှင့် ခက်ခက်ခဲခဲ တည်ဆောက်ထားရသည့် ဤကဲ့သို့ တံတားများ၊ လမ်းများ၊ အခြားအခြေခံ အဆောက်အအုံများ အပါအဝင် တိုင်းကျိုး ပြည်ပြုလုပ်ငန်းများကိုတန်ဖိုးထားပြီး သားစဉ်မြေးဆက်တိုင် အကျိုးဖြစ်ထွန်းစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းကားလမ်းနှင့် ယခုလေညှာ–မဏ္ဍိုင်တံတား အပါအဝင် တံတားများကိုတည်ဆောက်ပေးကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ အင်ဂျင်နီယာအတတ်ပညာရှင်များ၊ တပ်မတော်သားများနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဒေသခံပြည်သူအားလုံးကို နိုင်ငံတော်ကိုယ်စားဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံများတွင် လမ်းနှင့်တံတားဖောက်လုပ်တည်ဆောက်ရေး ကဏ္ဍသည် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းတံတားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ လေညှာ–မဏ္ဍိုင် တံတားကြီးကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် ၁၉၈၈ ခုနှစ်မှ ယခုအချိန်ထိ ပေ ၁၈၀ နှင့်အထက်တံတားကြီးပေါင်း ၁၆၂ စင်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဤတံတားကို ၁–၆–၂၀၀၁ ရက်မှစ၍ တည်ဆောက်ခဲ့ပြီး နှစ်နှစ်လေးလဖြင့်အပြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ဤတံတားတည်ဆောက်ရာတွင် ငွေကျပ် ၁၀၇၅ သန်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃၂၅ သန်းကုန်ကျခဲ့ကြောင်း၊ တနင်္သာရီတိုင်းအတွင်း ဖွင့်လှစ်ပြီးသွားသည့် တံတားခြောက်စင်းအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ၂၇၂၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄ သန်းရှိပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် ဖွင့်ပြီးတံတား ၁၆၂ စင်း၊ တပ်မတော်က တာဝန်ယူတည်ဆောက်ခဲ့သည့် တံတားသုံးစင်း ပေါင်း ၁၆၅ စင်းအတွက် ငွေကျပ် ၈၅၄၆၇ သန်း ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၆၄ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားရာ၌ လေညှာ–မဏ္ဍိုင်တံတား တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းမှ တောင်ဘက်အစွန်းဆုံး ကော့သောင်းမြို့အထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သဖြင့် တနင်္သာရီတိုင်းအတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း သမိုင်းမော်ကွန်းတင်ကျန်ရစ်မည့်နေ့တစ်နေ့ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင် တည်ရှိပြီး သယံဇာတပေါကြွယ်ဝသော တိုင်းတစ်တိုင်းလည်းဖြစ်ကြောင်း၊ ယခင်က တိုင်းအတွင်း ဒေသတစ်ခုမှတစ်ခုသို့ သွားလာရာတွင် ရေကြောင်းကိုသာ အများဆုံး အသုံးပြုခဲ့ရကြောင်း၊ အခြားပြည်နယ်၊ တိုင်း များနှင့်လည်း ရေကြောင်း၊ လေကြောင်းဖြင့်သာ အဓိကထားဆက်သွယ်သွားလာခဲ့ရကြောင်း။

တနင်္သာရီတိုင်း ဒေသအေးချမ်းသာယာလာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသအတွင်း လမ်းတံတားများကို တစိုက်မတ်မတ် တည်ဆောက်လျက်ရှိကြောင်း။

ယခုအခါ တနင်္သာရီတိုင်း၌ ပေ ၁၈၀ အထက်တံတားကြီး ခြောက်စင်းတည်ဆောက်ပြီးဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် လေညှာ–မဏ္ဍိုင်တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၀၁ ခုနှစ် ဇွန် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြီးစီးအောင် ဆောက်လုပ်ခဲ့ကြောင်း။

ဤတံတားကြီး ဆောက်လုပ်ပြီးစီးမှုကြောင့် တနင်္သာရီတိုင်းအတွင်း မြောက်ဘက်ပိုင်း ရေဖြူမြို့နယ်မှ တောင်ဘက်စွန်း ကော့သောင်းမြို့နယ်အထိ အတားအဆီး အဟန့်အတားမရှိတော့ဘဲ နေ့ည ရာသီမရွေး ဆက်သွယ်သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ယခင်က တနင်္သာရီတိုင်းသည် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် တိုင်းတစ်ခုဖြစ်ပြီး ရေကြောင်းနှင့် လေကြောင်းကိုသာ အဓိကအားထား သွားလာခဲ့ရကြောင်း၊ ယခုကမ်းရိုးတန်းသွား အမြန်ရေယာဉ်များပြေး ဆွဲနေသည့်အတွက် ထားဝယ်–မြိတ်–ကော့သောင်းခရီးစဉ်ကို အမြန်ရေယာဉ်ဖြင့် နေ့ချင်း ပေါက်သွားနိုင်သည့်အပြင် ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းအထိ ကားလမ်းဖြင့်လည်း ဆက်သွယ်သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်တိုးတက်ကောင်းမွန်ခြင်းဖြင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြော်အမြင်ကြီးမားစွာဖြင့် လမ်းတံတားများ တည်ဆောက်ခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့အားလည်းကောင်း၊ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အနီးကပ် ကြီးကြပ်လမ်းညွှန်မှုများပြုခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တံတားကြီးတည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တကွတာဝန်ရှိသူအဆင့်ဆင့်တို့အား ဒေသခံပြည်သူများကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထုနှင့် အတူစောင့်ရှောက်ထိန်းသိမ်းသွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးတိုးဝင်းက ဒေသဖွံ့ဖြိုး တိုးတက်ရေးကို များစွာ အထောက်အကူပြုမည့် လေညှာ–မဏ္ဍိုင် တံတားတည်ဆောက်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နှုတ်ဆက်စကားပြောကြားရာ၌ အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း။

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ ပြည်နယ်၊တိုင်း ၁၄ခုလုံးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည်ဆိုသည့် ခံယူချက်ဖြင့်မိမိတို့ ကြိုးစားလုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်ပေါ်အောင် တည်ဆောက်ရာ၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်အထူးလိုအပ်ကြောင်း၊ ပြည်နယ်နှင့်တိုင်း တစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခုသွားလာဆက်သွယ်မှုလွယ်ကူမှသာ တိုင်းရင်းသားအချင်းချင်းအထိအတွေ့ အဆက်အဆံများပြီး တစ်ဦးနှင့်တစ်ဦးပိုမိုနားလည်ကာ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားလာမှာဖြစ်ကြောင်း၊ကုန်စည်ရောင်းဝယ်ဖောက်ကားမှုသည်လည်း တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုအပိုင်း၌ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သုံးခုစလုံးဖြင့် သွားလာနိုင်မှသာ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း။

တနင်္သာရီတိုင်းသည် ယခုအခါ ရေကြောင်း၊ လေကြောင်းသာမက မော်တော်ကားလမ်း၊ ရထားလမ်းများဖြင့်သွားလာနိုင်ပြီဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအပိုင်းက တာဝန်ယူလုပ်ကိုင်ပေးရန်ရှိသည်များကို ယခုကဲ့သို့ တာဝန်ယူတည်ဆောက်ပေးသကဲ့သို့ ဒေသခံတိုင်းရင်းသား ပြည်သူများအပိုင်းကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားကြပါစို့ဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားဖွင့်လှစ်မည့် မုခ်ဦးရှေ့တွင် နေရာယူကြပြီး မင်္ဂလာအချိန် ရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က လေညှာ–မဏ္ဍိုင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် လေညှာ–မဏ္ဍိုင်တံတားကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် လေညှာ–မဏ္ဍိုင်တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

လေညှာ–မဏ္ဍိုင်တံတားမှာ ပေ ၈၆၀ ရှည်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး တံတားပေါ်တွင် တစ်ဖက်လျှင် ၃ ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

(သတင်းစဉ်)

# ဗီဒီယိုလေဆာဓာတ်ပြားများ တရားမဝင်ကူးယူမှု ဥပဒေနှင့်အညီ အရေးယူရေးစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၃

ဆင်ဆာခွင့်ပြုချက်ရယူထားသော မြန်မာကာရာအိုကေတေးစု ဗီဒီယိုလေဆာဓာတ်ပြား၊ မြန်မာဗီဒီယိုဇာတ်လမ်း ဗီဒီယိုလေဆာဓာတ်ပြားများကို တရားမဝင်ကူးယူ၍ လက်လီလက်ကားရောင်းချနေခြင်းများကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ အရေးယူရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး(ပြသ) ဦးသိန်းထွန်းအောင်က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည့် နည်းလမ်းကို အသေးစိတ်ရှင်းလင်းပြောကြားရာတွင် ပညာပေးကာလသတ်မှတ်ထားသော အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ တရားမဝင်လုပ်ကိုင်နေသူများကို အသိပေးရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေ့စဉ်ထုတ် သတင်းစာနှင့် မြို့တော်စည်ပင် အသံလွှင့်ဌာနများကလည်း အများပြည်သူသိရှိနိုင်ရန် အသိပေးဖော်ပြလျက်ရှိကြောင်း၊ ပညာပေးကာလပြည့်မြောက်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် လေညှာ– မဏ္ဍိုင်တံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လေညှာ–မဏ္ဍိုင် တံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၅ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ (ဥပုသ်နေ့)**
**၂၄–၁၀–၂၀၀၃ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံ သ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၀ ၈။ ရွှေလောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English For Everyday Use

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၄၅ ၈။ **"သစ်ဆိမ့်ဖူးစာ"** (သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ကြည်စိုးထွန်း)
- ၁၈:၀၀ ၉။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၁၈:၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၂၀ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success in Soccer
- ၁၉:၁၀ ၁၅။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
- ၁၉:၁၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၁၉:၂၅ ၁၇။ ဝင်ငွေတိုးစေဖို့ မက္ကာဒေးမီးယားသီးနှံစိုက်ကြစို့
- ၁၉:၃၅ ၁၈။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၉။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ ၂၀၀၃ ခုနှစ် ဧကာဒသမ အကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
- ၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း **"မမေ့နဲ့နော်" (အပိုင်း–၁)** (ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–ကျော်ဇောလင်း)
- ၂၅။ မင်းကွန်းဆရာတော်ဘုရား ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၆။ အစီအစဉ်ပြီး၏။

# ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်သောအဖွဲ့ဝင်များ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ကွင်းဆင်းဆွေးနွေး

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံပြီး အမျိုးသမီးရေးရာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးညှိနှိုင်းစဉ်။ (သတင်းစဉ်)**



ရန်ကုန် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။**

ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များသည် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီဝင်များနှင့် တွေ့ဆုံကြပြီး အမျိုးသမီးရေးရာ လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ရှေးဦးစွာရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးစိန်သင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့်လုပ်ငန်းကော်မတီဝင်များအနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးသို့ အမျိုးသမီးရေးရာကိစ္စရပ်များ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ကြရာတွင် အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက် ခိုင်မာရေးသာမက ပြည်သူနှင့် နိုင်ငံတော်အတွက် အကျိုးပြုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ကြောင်း၊ ထို့ပြင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ဆွေးနွေးမှုမှ သိရှိလာရသော လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်နှင့် လိုအပ်ချက်များကို ညှိနှိုင်းပြီး မိမိတို့အနေဖြင့် လိုအပ်သော ပံ့ပိုးမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးတင်ပြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်နယ်အတွင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင် ဒေါ်ဝင်းဝင်းနုနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင်များက သိရှိရန် လိုအပ်သည့် အချက်အလက်များကို ပြည်နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များအား တွေ့ဆုံမေးမြန်းကြပြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ပဟိုနှင့် မြို့နယ်၊ ကျေးရွာအမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များတွေ့ဆုံ မိသားစုစကားဝိုင်းအသွင်ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး လိုအပ်ချက်များညှိနှိုင်းဖြည့်ဆည်း

ရန်ကုန် အောက်တိုဘာ ၂၃

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေကြသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်သောအဖွဲ့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။**

တွေ့ဆုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးဝင်းမြင့်နှင့်ဇနီး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်များမှ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်နန်းခမ်းအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကွင်းဆင်းလာရောက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံရှိ လူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အမျိုးသမီးများ၏ အင်အားနှင့် စွမ်းဆောင်မှုတို့ကို နိုင်ငံတော်၏ အကျိုးစီးပွားတိုးတက်ထွန်းကားရေးတွင် အကျိုးရှိစွာ ပါဝင်စေလျက်ရှိကြောင်း။

ထို့အတူ အမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်၍ ပြည်နယ်နှင့်တိုင်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်နယ်နှင့်တိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကလည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုရရှိစေရန် ဆောင်ရွက်ရင်း တိုင်းရင်းသူ အမျိုးသမီးများ၏ အခက်အခဲများ၊ ပြဿနာများကို သိရှိလာရကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အထူးသဖြင့် မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများမှ ငယ်ရွယ်သူ အမျိုးသမီးများ၏အရေးကို ဦးစားပေး ဆောင်ရွက်ရန်လိုအပ်သည်ဟုယုံကြည်ထားသဖြင့် မိမိတို့ကွင်းဆင်းဆောင်ရွက်ရာ နေရာတိုင်း၌ အမျိုးသမီးများအား မသမာသူများ၏ လူမှောင်ခိုကူးခြင်းကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အချိန်အခါတွင် တိုင်းတစ်ပါးယဉ်ကျေးမှုစရိုက်ဆိုးများထိုးဖောက်ဝင်ရောက်လာသည်ကို အထင်ကြီးခြင်း၊ အားကိုးခြင်းစသည်များကို ကာကွယ်တားဆီးကြရန်နှင့် အထူးသတိထားကြရန် ဖြစ်ကြောင်း၊ အထူးအရေးကြီးသည်မှာ မြန်မာအမျိုးသမီးများအနေဖြင့် ငယ်ရွယ်စဉ်အချိန်ကစ၍ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ သွားလာနေထိုင်မှု၊ ဆင်ယင်ထုံးဖွဲ့မှုများကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စနစ်တကျနေထိုင်ပြုမူဆောင်ရွက်သွားကြရန်၊ မိဘမောင်ဖား၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်း ဆောင်ရွက်ထိန်းသိမ်းပေးကြရန် ဖြစ်ကြောင်း။

ထို့ကြောင့် အုပ်စုငယ်ဆွေးနွေးပွဲတွင်လည်း မိသားစုအသွင်သဏ္ဌာန် ဆွေးနွေးပွဲအဖြစ် လိုအပ်သည့် အကူအညီများ၊ အခက်အခဲများနှင့် ဆန္ဒသဘောထားများကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားကြစေလိုကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက တောင်ကြီးမြို့နယ်၊ ကလော မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီများအတွက် လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများကို ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်းကောင်း၊ လှူဒါန်းငွေများကို ပါမောက္ခ ဒေါက်တာဒေါ်မေမေရီကလည်းကောင်း သက်ဆိုင်ရာ မြို့နယ်ကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ဆွေးနွေးပွဲတက်ရောက်လာကြသူများနှင့် အတူ စားပွဲဝိုင်းများဖွဲ့ကာ အစုအဖွဲ့အလိုက် မိသားစု စကားဝိုင်းအသွင်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရာ ဒေသခံ အမျိုးသမီးများ၏ သိရှိလိုကြသော အချက်အလက်များ၊ အခက်အခဲများ၊ ပြဿနာရပ်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး နည်းလမ်းကောင်းများနှင့် အကြံဉာဏ်ကောင်းများကို ပေးကြကာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့မှ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသူများ စုစုပေါင်း ၃၅၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း ပြသထားသော အမျိုးသမီးရေးရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကလောမြို့နယ်အတွက် လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းစဉ်။**

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၄-၁၀-၂၀၀၃**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီး၊ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ နှာဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၅ ၅။ ဆို၊က၊ရေး၊တီး၊ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က)ဒုတိယနှစ်(ပထဝီဝင်)
  - (ခ)တတိယနှစ်(ဥပဒေပညာ)
- ၅:၃၅ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းဝှက်ချက်"** (အပိုင်း-၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"** (အပိုင်း-၃၆)
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

## ချမ်းမြေ့ရိပ်သာကျောင်းကထိန်သင်္ကန်းဆက်ကပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် ၅၅(က)ရှိ ချမ်းမြေ့ရိပ်သာကျောင်း၏ (၂၇)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်ပွဲကို အောက်တိုဘာ ၁၉ရက်က ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့နှင့်အတူ မြန်မာနိုင်ငံမှ အလှူရှင်များ၊ မလေးရှားနိုင်ငံမှ ချမ်းမြေ့ယောဂီ ၃၃ ဦးတို့ စုပေါင်း၍ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ထို့အတူ အောက်တိုဘာ ၂၆ရက်တွင် ကျင်းပမည့် မော်ဘီချမ်းမြေ့ရိပ်သာကျောင်းတိုက်၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ မလေးရှားနိုင်ငံမှ ချမ်းမြေ့ယောဂီများ တက်ရောက်၍ မော်ဘီချမ်းမြေ့ရိပ်သာကျောင်းတိုက်၏ ဆွမ်းစားကျောင်းအတွက် မတည်အလှူငွေ ကျပ်သိန်း ၄၀၀ခန့်ကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

**ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်နေသည့် ကျိုက္ကမော့တောင်ပေါ် စေတီလမ်း ကတ္တရာလမ်းခင်းရန်အတွက် မြေသားပြုပြင်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးလှိုင်အေးတို့ကအနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (က-ပ)

## ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နယ်စပ်/ စည်ပင်ဒုတိယဝန်ကြီးကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေး

**ရန်ကုန် အောက်တိုဘာ ၂၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့်တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၅ရက်က လားရှိုးမြို့သို့ ရောက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြား ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှထွက်ခွာပြီး တန့်ယန်း-ပန်ဆန်းကားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းကို ကြည့်ရှု စစ်ဆေးပြီး ညနေပိုင်း၌ ပန်ဆန်းမြို့သို့ ရောက်ရှိသည်။ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဒေသမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် တန့်ယန်း-ပန်ဆန်းလမ်း အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်ပြီး ပန်ဆန်းမြို့ရှိ နယ်စပ်ဒေသ ဝန်ထမ်းများနှင့် တွေ့ဆုံကာလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပန်ဆန်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပန်ဆန်း-တန့်ယန်း ကားလမ်းအဆင့်မြှင့်ရေးအတွက် ကျောက်များထုတ်လုပ်နေသော ကုန်းဆာကျောက်ထုတ်စခန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၈ရက်နံနက်တွင် တန့်ယန်းမြို့တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့်တန့်ယန်းမြို့စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ အောက်တိုဘာ ၁၉ရက်တွင် ကျောက်မဲ၊သီပေါ၊နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသို့သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ဟင်္သာတ အသင်း(ရန်ကုန်) စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ဟင်္သာတအသင်း(ရန်ကုန်)က ကြီးမှူး၍ နာယက ဦးစိုးမောင်-ဒေါ်ခလေးမ သားသမီးမြေးများနှင့် ပစ္စည်းလေး ပါးဒါယကာ ဒါယိကာမများ၏ စတုတ္ထအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ဟင်္သာတမြို့ မဟာဓမ္မိကာရုံကျောင်းတိုက်တွင် နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

တစ်ဦးချင်းအလှူရှင်များကလည်း အသင်း၏ကြီးကြပ်မှုဖြင့် ဟင်္သာတမြို့ စစ်ပင်ကျောင်းတိုက်၊ သပြေပင်ကျောင်းတိုက်နှင့် ရှားခဲကျေးရွာဇီးကုန်းကျောင်းတိုက်တို့၌ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်မြို့ ဟင်္သာတအသင်းတိုက်မှ မော်တော်ယာဉ်များဖြင့် နိုဝင်ဘာ ၅ ရက် နံနက် ၆ နာရီတွင် ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလှူဒါန်းကြပါရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၂၉၆၄၁၄၊ ၂၀၂၅၃၉၊ ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅ များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**အောက်တိုဘာ ၁၄ ရက်က သီပေါမြို့ စမ်းမာလာဥယျာဉ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ဥယျာဉ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်နှင့်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။** (က-ပ)



## ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ကွန်ပျူတာဖွင့်ပွဲကျင်းပ

**ကြို့ပင်ကောက် အောက်တိုဘာ ၁၅**

(၃၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ကွန်ပျူတာဖွင့်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်ပွဲကို အောက်တိုဘာ ၃ရက်က ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်းက ကွန်ပျူတာထားရှိမှု ရေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကွန်ပျူတာဝယ်ယူရရှိရေးအတွက် ပါဝင်လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ (ဝ၄ဝ)

## အဆင့်မြင့်ဥပဒေဆိုင်ရာ အင်္ဂလိပ်စာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရှေ့နေချုပ်ရုံး အဆင့်မြင့်ဥပဒေအရာရှိများ၏ အဆင့်မြင့်ဥပဒေဆိုင်ရာ အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၇ရက်နံနက်က ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ ရှေ့နေချုပ်မှ ထူးချွန်စွာအောင်မြင်သော သင်တန်းသား သင်တန်းသူ ခြောက်ဦးကို ဆုချီးမြှင့်ပေးပြီး ကျန်သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်ခဲ့သည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့်ဦးမြင့်နိုင်၊ညွှန်ကြားရေးမှူးချုပ်ဦးမြညိမ်း၊ညွှန်ကြားရေးမှူးများ၊ရန်ကုန်တိုင်းဥပဒေအရာရှိ၊ဒုတိယညွှန်ကြားရေးမှူးများ၊ ရှေ့နေချုပ်ရုံးရုံးအဖွဲ့မှူး၊သင်တန်းဆရာများနှင့်သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းကို စက်တင်ဘာ ၁၅ရက်မှ အောက်တိုဘာ ၁၆ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့်ဥပဒေအရာရှိ ၂၀ တက်ရောက်ခဲ့ကြသည်။ (က-ပ)

**ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများအနက် လမ်းဘေးဝဲယာတွင် ချုံနွယ်များ မရှိစေရန်နှင့် မြက်များ ရှည်မနေစေရေးအတွက် အဖွဲ့ဝန်ထမ်းများက မြက်ဖြတ်စက်များဖြင့် အမြဲမပြတ် ပြုပြင်နေသည်ကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)**

**ပုသိမ်မြို့ကိုတိုင်း အဆင့်မြို့တော်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ကန်သာယာပန်းဥယျာဉ်အတွင်း အောက်တိုဘာ ၁၁ရက်က အဖွဲ့ဝန်ထမ်းများက အရွက်လှပင်နှင့် ပန်းအလှပင်များ စုပေါင်း စိုက်ပျိုးကြစဉ်။** (က-ပ)





## ကျန်းမာရေးအတွက် စက်များဖြင့်လေ့ကျင့်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၂**

စက်ပေါ် ၁၅ မိနစ်ရပ်ရုံဖြင့် လေးနာရီ လမ်းလျှောက်ခြင်းနှင့် ညီမျှပြီး သွေးလည်ပတ်မှုကို ဖြစ်စေသည့်အပြင် အဆီကျလိုသူများ တစ်လငါးပေါင်မှ ပေါင် ၂၀၀ အထိ ကျနိုင်သည့် Blood Circulation Device (BCD) စက်များဖြင့် လေ့ကျင့်ပေးလျက်ရှိရာ ကျိုက္ကဆံလမ်း (သတိပဋ္ဌာန်လမ်းထိပ်)၊ အနော်ရထာလမ်း (၃၇ လမ်းထိပ်)၊ ရွှေတိဂုံဘုရားလမ်း(အောက်)၊ ကျိုက္ကဆံ ILBC အနီး၊ သဃ်န်းကျွန်း၊ စမ်းချောင်းတို့ရှိ ငွေစင်ဦးခန်းမများတွင် သွားရောက်လေ့ကျင့်နိုင်ကြောင်းနှင့် ဖုန်း-၅၄၈၂၀၉၊ ၂၅၃၂၄၇၊ ၃၇၉၁၄၉၊ ၂၄၇၄၅၀၊ ၇၂၁၁၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂ က တစ်ပြည်လုံးသို့ ဖြန့်ချိသည့် ဆရာအောင်မြတ်ဦး၏ နှစ်တစ်ရာကံကြမ္မာဇယားနှင့် လောကီဖြစ်ရပ်ဆန်းများ စာအုပ်မျက်နှာဖုံး။** (က-ပ)



## ဒီဂျစ်တယ်ဂရပ်ဖစ်ဒီဇိုင်းပညာရှင်သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

M-plus Creative Media Group တွင် Digital Graphic Designer Professional Course အပတ်စဉ်(၅)ကိုမကြာမီထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းတွင် Corel Draw-10, Photoshop-7, Digital Image Pro(Microsoft), Illustrator-10 စသည့် Software များပါဝင်သည်။

အပတ်စဉ်(၅)တွင်အထူးအစီအစဉ်အဖြစ်နာမည်ကျော် Designer များ၊ ခေတ်ပုံပညာရှင်များ၏ ဟောပြောပို့ချမှုများပါဝင်မည်။ သင်တန်းသားတစ်ဦးလျှင် ကွန်ပျူတာတစ်လုံး၊ ဒစ်ဂျစ်တယ်ကင်မရာတစ်လုံး၊ စက်ပစ္စည်းစုံလင်စွာဖြင့် သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ စာတွေ့တစ်လခွဲနှင့် လက်တွေ့တစ်လဖြစ်ရာ အမှတ် ၁၉၄၊ ၃၃လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန် ဖုန်း-၇၀၄၉၄၇၊ ၀၉-၅၀၀-၇၄၂၃၊ ၀၉-၈၀-၃၄၅၁၄နှင့် e-mail: MRM@mail 4u.com.mm၊ MRT @ mail 4u.com.mm သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

## ကျောင်းပေါင်းစုံကြက်တောင်ရိုက်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၂**

အမှတ် (၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်နှင့် ဂရိတ်ဝေါလ်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတို့ပူးပေါင်းကျင်းပမည့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ရန်ကုန်တိုင်းကျောင်းပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်မှ၂၉ရက်အထိ ရန်ကုန်မြို့ဒဂုံမြို့နယ်မြို့မကျောင်းကြက်တောင်အားကစားရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (က-ပ)

## ဘာသာစကား သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

Aung Language Centre ၌ တရုတ်ဘာသာ စကားကို ဆရာမဒေါ်ဖြူဖြူက အခြေခံ အရေး၊ အဖတ်၊ အပြောကို လွယ်ကူစွာ တတ်မြောက်စေရန် စနေနှင့် တနင်္ဂနွေ နံနက် ၁၁ နာရီခွဲမှ ၁နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

နိုဝင်ဘာ ၁ရက်တွင် တရုတ်နှင့် မလေးရှား စကားပြော တန်းခွဲသစ်ဖွင့်မည်ဖြစ်ပြီး မလေး စကားပြောကို ဆရာစိုးသိဟက အလွယ်ပြောဆိုနိုင်ရန် တစ်ပတ်လျှင် သုံးရက်သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း၁၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းကြားမှတ်တိုင်အနီး (ရန်ကင်းသဲကွင်းအနီး)၊ မင်းထိုက်စာပေအိမ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)



သာယာဝတီမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အောက်တိုဘာ ၁၈ရက်က သာယာဝတီမြို့ ဆရာစံခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ဇနီးဒေါ်ခင်မေအောင်တို့ ဦးဆောင်သော အလှူရှင်များက သံဃာတော် ၁၈၄ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

(ခရိုင် ပြန်/ဆက်)

# မွန်ပြည်နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီကကြီးမှူး၍ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၆

**မွန်ပြည်နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ရက်က မော်လမြိုင်မြို့ သာသနာ့ဗိမာန်တွင်ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များက အဘိုး အဘွားများအား ဂါရဝလက်ဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။**

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက မွန်ပြည်နယ် အတွင်းရှိ ပေါင်မြို့နယ်မှ အသက် အကြီးဆုံး အဘိုးအဘွားနှစ်ဦးအား လူမှုဝန်ထမ်းဦးစီးဌာန၏ ချီးမြှင့်ငွေ ကျပ်နှစ်သောင်းစီကိုလည်းကောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီက မော်လမြိုင် ခရိုင်အတွင်းရှိ အသက်အကြီးဆုံး အဘိုးအဘွား ၁၂ဦးအတွက် ငွေကျပ် တစ်သောင်းရစ်ထောင်နှင့် သထုံခရိုင် အတွင်းရှိ အသက်အကြီးဆုံး အဘိုး အဘွား ခြောက်ဦးအတွက် ငွေကျပ်ကိုး ထောင်ကိုလည်းကောင်း တာဝန်ရှိသူ များထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် သက်ကြီးရွယ်အိုများ နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တွင် ဆုရရှိကြသော မွန်ပြည်နယ် ပညာရေးကောလိပ်မှ ကျောင်းသူ များအား မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်က ဆုများပေးအပ်ချီး မြှင့်သည်။

(၁၆၈)

## ရွှေသက်န်း ကပ်လှူရန် ငွေလှူဒါန်း

**ပြည် အောက်တိုဘာ ၁၀**

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဝါတွင်း နိဗ္ဗာန်ဆော်အဖွဲ့ကြီး၏ အများပြည်သူ လှူဒါန်းငွေကျပ် ၅၃၀၀၁၉၃ ကို ပြည်မြို့ ရွှေဆံတော် စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် သီတင်းကျွတ်လပြည့်ကျော် ၃ရက်တွင် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဓမ္မာရုံကြီး၌ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ဇောတိ အရှင်သူမြတ်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

(က-ပ)

# ရေနံချောင်းမြို့နယ်၌ နာရေးကူညီမှုအသင်းဖွဲ့စည်း

**ရေနံချောင်း အောက်တိုဘာ ၁၅**

ရေနံချောင်းမြို့နယ် ပစ္ဆိမသုမိတ္တ နာရေးကူညီမှုအသင်းဖွဲ့စည်းရေးအခမ်းအနားကို စက်တင်ဘာ ၁၆ရက်က မဟာဓမ္မိကာရာမစပွာယ်ရုံကျောင်းတိုက် သာသနာ့ဝေပုလ္လ ဆွမ်းစားကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်သာသနာ့ အကျိုးတော်ဆောင် ဦးတိုးမြင့်(နောင်ရိုး)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပစ္ဆိမသုမိတ္တ နာရေးကူညီမှုအသင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဥပနာယကဆရာတော် ဘဒ္ဒန္တတေဇနိယ (ရေနံချောင်း ဆရာတော်) အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီး ၁၀ ပါးဖြင့်လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအင်းကြူ ပါဝင်သော နာယက ၂၂ ဦးဖြင့် လည်းကောင်း၊ ဥက္ကဋ္ဌ ဦးတင်ထွန်း(ခရိုင်ဆရာဝန်ကြီး-ငြိမ်း)၊ အတွင်းရေးမှူး ဦးချစ်ညီညီ(ပန်းပျိုးလက်)တို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ဝင် ၄၀ ဖြင့်လည်းကောင်း ဖွဲ့စည်းကြပြီး အသင်း၏ တည်နေရာမှာ အောင်ရတနာတိုက်၊ ဘုံတိုက်လမ်းမ၊ ရေနံချောင်းမြို့ ဖုန်း ၀၆၀-၂၁၁၄၅ ဖြစ်ကြောင်း သိရသည်။

(၃၉၀)



**အောက်တိုဘာ ၇ရက်က ကျင်းပသည့် ပန်းတနော်မြို့နယ် ခနော် အုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မြင့်က ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်ထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။** (၃၂၇)



## အမြို့မြို့ အနယ်နယ် သတင်းများ

# ကန်ကြီးထောင့်မြို့နယ်၌စိုက်ပျိုးရေးတာဝန်ပေးအပ်

**ကန်ကြီးထောင့် အောက်တိုဘာ ၁၆**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ၂၀၀၃/၂၀၀၄ခုနှစ် နွေစပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက်က မြို့နယ် ဧရာသီရိ သုခခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးအဖွဲ့ဝင်များ၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်က အမှာစကားပြောကြားပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု အလိုက် နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးရေး စီမံကိန်း တာဝန်များကို မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်က တစ်ဦးချင်းပေးအပ်သည်။ (အပေါ်ပုံ) (၁၀၈)

**စက်တင်ဘာ၂၇ရက်က မွန်ပြည်နယ်မုဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းအောင်ကျော်နှင့်ဝန်ထမ်းများ မုဒုံမြို့နယ် ကော့ပရံကျေးရွာ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။** (က-ပ)

# ညောင်ဦးမြို့နယ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးပွဲကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၀**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၆ရက်က လက်ပန်ခြေပေါ်ကျေးရွာ အုပ်စု သရက်ကုန်းကွင်း အမှတ် (၁၃၂၅) တောင်သူ ဦးပေါကြွယ်၏ လယ်မြေ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညောင်ဦးမြို့နယ်အတွင်း ၂၀၀၃-၂၀၀၄ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ၁၀၇ ဧကကို လည်းကောင်း၊ ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ဧက ၁၀၅၀ ကိုလည်းကောင်း၊ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ၁၀၁၃ ဧကကိုလည်းကောင်း လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**မိတ္ထီလာမြို့နယ် ရှမ်းတဲ(စံပြ) ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ စာအုပ်စာရေးကိရိယာများလှူဒါန်းပွဲကို အောက်တိုဘာ ၉ရက်က ကျင်းပရာ အလှူရှင် ဦးမြသောင်း-ဒေါ်လှမေ မိသားစုက စာအုပ်ဒါဇင် ၆၀၊ ခဲတံဒါဇင် ၄၀၊ ဘောပင်ဒါဇင် ၂၀ တို့ကို ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# သင်ထောက်ကူစီဒီချပ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

နဝမတန်း ဇီဝဗေဒနှင့် နဝမတန်း ဓာတုဗေဒသင်ရိုးညွှန်းတမ်းနှင့်အညီ သင်ထောက်ကူ ပရိုဂရမ်စီဒီနှစ်ချပ် ထွက်ရှိလာသည်။ စီဒီချပ်တွင် ပြဋ္ဌာန်း စာအုပ်ပါ ပုံကို စိတ်ဝင်စားဖွယ် ဖြစ်အောင် အရောင်အသွေး စုံလင်စွာ ဆွဲထားခြင်း၊ အသံထွက်များကို မိမိတို့ ကိုယ်တိုင်သင်ယူနိုင်ခြင်း၊ အင်္ဂလိပ် ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ရှင်းလင်းဖော်ပြထားခြင်း၊ အမှား အမှန်နှင့် ကွက်လပ် များကို မိမိတို့ ကိုယ်တိုင်ဖြေဆို၍ အမှားအမှန် သိရှိနိုင်ခြင်း စသောသင်ကြားမှု အထောက်အကူများ ပါဝင်သည်။ Soft Guitde အမှတ်၅၂၊ ၁၉လမ်း၊ လသာမြို့နယ်၊ ဖုန်း ၂၂၆၈၂၅၊၂၂၆၆၇၃၊ နေရှင်နယ် စီဒီဆိုင်၊ အမှတ်-၁၆၁၊ (မြေညီထပ်) ၃၄ လမ်းနှင့် ပြည်၊ စစ်တွေ၊ လားရှိုး Soft Guitde Subcenter များတွင် ရရှိနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မြန်မာ့အသံ

**၂၄-၁၀-၂၀၀၃ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (နိုင်ငံတကာအဆင့်မီ ရှူးဖိနပ်ထုတ်လုပ်မှုပညာ အသုံးချမှုနှင့် ဖြန့်ဖြူးမှုအကြောင်း)

၁၁:၃၅ သုတရေးရာဖြေကြားလွှာ

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ပျားရည်နဲ့ဆေးအသုံး)

၁၂:၁၅ သုခ၏ ရတနသုတ်ဆွေးနွေးခန်း (အပိုင်း-၁၅)

၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (အတူတူကကြမယ်)

၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၇:၃၀ အမျိုးသမီးမဂ္ဂဇင်း
(၁)နားလည်နိုင်စေလို (ခေါင်းကြီး)
(၂)မေ့ပါးထက်က သနပ်ခါးပါးကွက် (ဆောင်းပါးသရုပ်ဖော်)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မြေငလျင်အကြောင်း- မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (နွဲ့နှောင်းထံတျာ)

**Echo Mediaအမှတ် ၁၅၈၊ ၁၆၈ အခန်း ၁၇၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်) ကျောက်တံတားမြို့နယ် ဖုန်း ၂၅၄၂၅၂ က ဖြန့်ချီပြီး ပုံပြင် ၉၆ ပုဒ် ပါဝင်သည့် သိပ္ပံမှူးတင်၏ အမြော်အမြင်ရှိသူများ၏ လမ်းစဉ် စာအုပ်မျက်နှာဖုံး။** (က-ပ)



## Happy Birthday
## ဗိုလ်လောင်း ကျော်ဘုန်းမြင့်

သားငယ်လေး ဗိုလ်လောင်းကျော်ဘုန်းမြင့်(Final Year)ရဲ့ ၂၄-၁၀-၂၀၀၃ ရက်မှာ ကျရောက်မယ့် မွေးနေ့ရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး တိုင်းပြည်ကိုအကျိုးပြုတဲ့ သားကောင်းရတနာလေး တစ်ဦးဖြစ်ပါစေ။

**ချစ်ဖေဖေ၊ ချစ်မေမေ၊ ချစ်မမနိုင် (B.Pharm)**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၀-၂၀၀၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၈)ပါ **ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း**ကြော်ငြာအား အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်။

**ပေးအပ်မည့်ဘွဲ့** -မဟာဝိဇ္ဇာဘွဲ့ (၂၀၀၀မှ ၂၀၀၃ အထိအားလုံး)
- ဝိဇ္ဇာဘွဲ့ (၁၉၉၆ အခြေခံပညာအထက်တန်းအောင်အသုတ်) ၂၀၀၃ ဇူလိုင်အောင်ကျောင်းသားကျောင်းသူများ
- ဒီပလိုမာဘွဲ့ (၁၉၉၇မှ ၂၀၀၀ထိ)

---

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝဏ္ဏစိုး၏ နိုင်ငံကူးလက်မှတ် အမှတ်(၃၄၉၁၃၂) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် ကျေးဇူးဆပ်ပါမည်။ **Ph. 549391**

---

[illegible] B.Sc (ZOOL) Q [illegible]

[illegible]

(CNC PROGRAMMER)
(BERJAYA STEEL PRODUCTS SDN/BHD)
MALAYSIA [illegible]

[illegible]

---

အခြမ်း ၄၁/ ရောင်းမည် [illegible]
၁။ [illegible] 1500 [illegible] Ph, 3A/C, F.F [illegible]
၂။ Delta Plaza, 1750 [illegible] (R.T) [illegible]
၃။ [illegible] 4F, 19'x53' [illegible]
၄။ [illegible] 1250 [illegible] R.T. Ph [illegible]
Ph : 09 - 99 - 24016

---

### မင်္ဂလာစည်နှိပ်ပွဲကျေးဇူးတင်လွှာ

[illegible]

B.Sc (D.S.A)

[illegible] Marine Engineer (F.G) [illegible]

B.A (Eco)
I.D.C.S (N.C.C-UK) (Goon Institution, Malaysia)

[illegible] Yuzana Garden Hotel [illegible]

---

## ကာထိန်လျှာ ဥတ်သက်နိုးဆိုသည်မှာ

[illegible]

Classic Showroom [illegible]

E-mail : zawtikasales@myanmar.com.mm http : //www.zawtika.com

---

## ဝါကျွတ်အိမ်ရာအရောင်းပွဲတော်
### (၇.၁၀.၂၀၀၃ မှ ၃၁.၁၀.၂၀၀၃) အတွင်း
## "ယုဇနတောက်လှပ်ရေးအဖွဲ့၏ဖွင့်မြှတ်သောစေတနာ"

(လူတိုင်း၊ လူတိုင်း၊ တိုက်မှန့် ဖြစ်နိုင် စေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
- လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE ၊ ROOM TYPE
- လူနေခန်းမဲ လုပ်လုပ်၊ ရုံးခန်းမဲ လုပ်လုပ်၊ စီးပွားရေးမဲ လုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

**ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူခနစ်ဖြင့် ရောင်းချပေးပါမည်**

**အမြတ်ခွန်ကိုဝယ်ယူသူက ပေးရန်မလိုပါ၊ ရောင်းချသူက ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်**

**တိုက်ခန်းတန်ဖိုးအနည်းဆုံး (၂၀) သိန်းဖြစ်ပါတယ်**

**အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို ကျေးဇူးတင်လျက်ရှိပါကြောင်း**

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

---

[illegible]

1) Admin Executive (Female) 2 Posts
2) Marketing Executive (Female) 3 Posts
3) Marketing Assistant (Female) 5 Posts
4) Graphic Designer (Male) 3 Posts
5) Operation Assistant (Male) 5 Posts
6) [illegible] (Female) 2 Posts

[illegible]

Ace Dragon Co.,Ltd.
Media Management & Insurance Services.

- BUSINESS CONSULTANCY
- ADVERTISING
- PRINT / PRODUCTION
- PRESS / MEDIA
- MUSICAL / THEATRICAL
- MERCHANDISING AIDS
- INSURANCE

---

### အမည်ပြောင်း

ဦးမောင်ညွန့်တင်နှင့် ဒေါ်မတင်ရွှေတို့၏သမီး ရခိုင်ပြည်နယ် စစ်တွေမြို့ အထက(၄) ဒသမတန်း(A)မှ မထူးထူးဇံကို မရွှေရည်ဖြိုး ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေရည်ဖြိုး**

---

### အမည်ပြောင်း

ဦးအေးဆွေထွန်း၏သားနှင့် သမီးဖြစ်ကြသော အထက(ခွဲ) ရွှေမြဲယာ ဒသမတန်း (A)မှ မောင်ကျော်စွာထွန်း ၁၂/မဘန (နိုင်) ၁၁၁၉၇၅ ကိုင်ဆောင်သူအား မောင်ကျော်မင်းလွင်ဟုလည်းကောင်း၊ အထက (၂) မှော်ဘီ ဆဋ္ဌမတန်း (A)မှ မခင်စန္ဒာထွန်းအား မခင်စန္ဒာကျော် ဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထွန်းညွန့် ၁၂/တမန(နိုင်) ၀၀၄၁၈၆ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်ခင်မြင့်**
**၁၂/တမန(နိုင်) ၀၄၇၃၅၇**
**၄၈၅၊ ကျိုက္ကဆံလမ်း၊ တာမွေ ရန်ကုန်**

---

**မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း** ယာဉ်အမှတ် ဏ/၁၅၈၅ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းနွဲ့ နိုင်ငံသားမှတ်ပုံတင်အမှတ် တိတိအီး-၁၅၅၂၅၉ က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)**

---

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား**

### ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ(Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. သုတ်ဆေးမျိုးစုံနှင့်ဆက်စပ်ပစ္စည်းများ၊ 2. Electrode ဆိုဒ်စုံ၊ 3. $Co_2$ Wire ဆိုဒ်စုံ၊ 4. Screw, Bolt, Nut, Washer, Splitpin, Drill အမျိုးမျိုး၊ 5. GI Pipe, Elbow, Union, Valve၊ 6. Aluminium Sheet, Moulding၊ 7. Shamoy, Foam Rubber၊ 8. Glass၊ 9. လျှပ်စစ်ပစ္စည်းများ၊ 10. M.S Sheet ဆိုဒ်စုံ၊ 11. M.S Channel. M.S Angle ဆိုဒ်စုံ

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** ၆-၁၁-၂၀၀၃ ကြာသပတေးနေ့ ၁၂:၀၀ နာရီ
**ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** ၆-၁၁-၂၀၀၃ ကြာသပတေးနေ့ ၁၄:၀၀ နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၁၀-၂၀၀၃ နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၄၊ ၆၁၃**





# မြန်မာနှင့်ထိုင်း၊ မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ကုန်းလမ်းပို့ဆောင်ရေးလမ်းကြောင်းများအတော်အသင့်ရှိနေ တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံကိုဖြတ်ပြီး ထိုင်းနိုင်ငံသို့ခြောက်နာရီအတွင်းခရီးသွားလာနိုင် ဆက်သွယ်ရေးကွန်ရက်တိုးတက်လာသည်နှင့်အညီ မော်လမြိုင်မြို့မှ ဗီယက်နမ်နိုင်ငံဒါနန်းမြို့သို့ဆက်သွယ်ထားသော အရှေ့-အနောက်လမ်းကြောင်းသည် ရည်မှန်းချက်တစ်ရပ်သာမဟုတ်ဘဲ လျင်မြန်စွာအကောင်အထည်ပေါ်လာနေပြီ

ရန်ကုန် အောက်တိုဘာ ၂၃

(၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ✻

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများနှင့်အတူ စားပွဲဝိုင်းများဖွဲ့ကာ အစုအဖွဲ့အလိုက် မိသားစုစကားဝိုင်းအသွင်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (သတင်း-၁၃) (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ဒီမိုကရေစီဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များကို အမေရိကန်မျက်ကွယ်ပြုနေ အာဆီယံနိုင်ငံခေါင်းဆောင်များက မြန်မာနိုင်ငံ၏အပြုသဘောတိုးတက်မှုအဖြစ်ရှုမြင် မြန်မာနိုင်ငံကိုရှုမြင်ရာ၌ အမေရိကန်နိုင်ငံသည် အာဆီယံနိုင်ငံများနည်းတူရှုမြင်သင့် အေပက်ညီလာခံတွင် အမေရိကန်ပြင်းပြင်းထန်ထန်ဝေဖန်မှုမပြုနိုင်ဘဲ အဆုံးသတ်ခဲ့ရ

**(Berneo Bulletin 22-10-2003 တွင် Sanantha Brown ရေးသားသော Myanmar's Junta Escapes US Tongue-Lashing At Apec သတင်းဆောင်းပါးမှ ကောက်နုတ်ပြန်ဆိုသည်။)**

အေပက်အဖွဲ့၏ထိပ်သီးအစည်းအဝေးကို ဗန်ကောက်မြို့တွင် နှစ်ရက်ကြာကျင်းပခဲ့ရာ အင်္ဂါနေ့ကပြီးဆုံးသွားပြီဖြစ်သည်။ ထိုအစည်းအဝေးတွင် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံကို ပြင်းပြင်းထန်ထန်ဝေဖန်နိုင်ဖို့ဝေးစွ၊ မြန်မာနိုင်ငံအကြောင်းခေါင်းစဉ်ကို စတီမျှလောက်ပင်ဆွေးနွေးခွင့်မရဘဲဖြစ်ခဲ့ရသည်ဟုဆိုသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ■

**ယနေ့ထုတ်စောင်ရေ**

၂၀၂၂၄၇